# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ စနေနေ့။ Saturday, 18 June 2022 ၁၀၇၇၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇွန် ၁၇**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



**ယနေ့ ဖတ်စရာ**

ဥပ္ပါတသန္တိစေတီတော် ရွှေစင်ရွှေပြား လုံးတော်ပြည့်စေသော ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း စာမျက်နှာ » ၇

ဈေးနှုန်းသက်သာစွာဖြင့် ယူရီးယားမြေဩဇာ ဖြန့်ဖြူးရောင်းချ စာမျက်နှာ » ၁၇

လေ့လာစရာ အင်္ဂလိပ်စာ စာမျက်နှာ » ၁၈၊ ၁၉





# နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး ဆီထွက်သီးနှံစိုက်ပျိုးပေး

နိုင်ငံတွင် စက်သုံးဆီနှင့်စားသုံးဆီသုံးစွဲမှု မြင့်မားသဖြင့် ပြည်ပမှ စက်သုံးဆီ၊ စားသုံးဆီများကို နှစ်စဉ်တင်သွင်းနေရသည်။ ပြည်တွင်းဆီ ဖူလုံရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါဆီနှစ်မျိုးကို ခြိုးခြံချွေတာသုံးစွဲရမည်ဖြစ်ပြီး တစ်ဖက်တွင် ပြည်တွင်း၌ ထုတ်လုပ်နိုင်သော စားသုံးဆီသီးနှံ စိုက်ပျိုးထုတ်လုပ်ရေးကို ဆထက်တိုး၍ စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်သည်။

သုံးစွဲမှုလျှော့ချရေးကို ပြည်သူများအား တိုက်တွန်းနေသော်လည်း လက်တွေ့တွင် လျှော့ချသုံးစွဲရေးမှာ အခက်အခဲရှိသဖြင့် ထုတ်လုပ်မှုကိုသာ တိုးတက်ထုတ်လုပ်နိုင်ရန် လိုအပ်ပေသည်။ လူတစ်ဦးလျှင် တစ်ရက် ဆီစားသုံးမှုအနေဖြင့် ၂ ဒသမ ၅ ကျပ်သားရှိပြီး တစ်နိုင်ငံလုံးတွင် တစ်နှစ်လျှင် ဆီတန်ချိန်လိုအပ်မှုမှာ တန်ချိန် ခြောက်သိန်းမှ ခုနစ်သိန်းခန့်ဖြစ်သော်လည်း ပြည်တွင်းဆီထုတ်လုပ်မှုမပါ နှစ်စဉ်ပြည်ပမှ ဆီတန်ချိန် ရှစ်သိန်းမှ ကိုးသိန်းအထိ တင်သွင်းနေရသည်မှာ လူတစ်ဦးချင်း ဆီစားသုံးမှု မြင့်မားနေခြင်းနှင့် လုပ်ငန်းသုံးဆီများ နေ့စဉ်လိုအပ်ချက်မြင့်မားနေသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ဆီထွက်သီးနှံများကို မဖြစ်မနေတိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံစိုက်ပျိုးရန်အတွက် စိုက်ပျိုးမြေများ လုံလောက်စွာရှိပြီးဖြစ်သည်။ မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်နိုင်သည့် တနင်္သာရီတိုင်းဒေသကြီးတွင် ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းများကို စနစ်တကျပြန်လည်လုပ်ကိုင်ရန် လိုအပ်ပေသည်။ ပြည်တွင်း၌ ဆီအုန်းဆီ အဆင့်မြင့်ချက်လုပ်နိုင်သော နည်းပညာများလည်း တိုးတက်ထွန်းကားလာအောင် လုပ်ဆောင်သင့်ပေသည်။ ပုံမှန်စိုက်ပျိုးနေကျဖြစ်သော နှမ်း၊ မြေပဲဆီထွက်သီးနှံများကို တိုးတက်စိုက်ပျိုးနိုင်ရေးကိုလည်း ကြိုးစားဆောင်ရွက်သင့်ပေသည်။

အလားတူ ဆီထွက်သီးနှံနေကြာစိုက်ပျိုးရေးကို ပြည်နယ်/တိုင်းဒေသကြီးများတွင် တိုးချဲ့စိုက်ပျိုးလျက်ရှိရာ သီးနှံအထွက်တိုးရေးကို ဆက်လက်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် ပဲပုပ်သီးနှံကို စိုက်ပျိုးလျက်ရှိသည်။ ပြည်တွင်းမှထွက်ရှိသည့် နှမ်းနှင့် ပဲပုပ်တို့ကို ပြည်ပသို့တင်ပို့နိုင်သဖြင့် ဦးစားပေးစိုက်ပျိုးသွားကြရမည်ဖြစ်သည်။ ပြည်တွင်း၌ ပဲပုပ်စိုက်ပျိုးမှုကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းဆီထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်သည့်အပြင် တိရစ္ဆာန်အစားအစာအတွက် ပြည်ပမှ ပဲပုပ်ကြိတ်ဖတ်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးသူတောင်သူများက စားနပ်ရိက္ခာသီးနှံအမျိုးမျိုးကို အစဉ်အလာမပျက် စိုက်ပျိုးထုတ်လုပ် လျက်ရှိရာ မျိုးကောင်းမျိုးသန့်များထွက်ရှိရေး၊ သီးနှံအထွက်တိုးရေး၊ ဈေးကွက်ဝင်ရေးတို့ကို ဝိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေမည့် စိုက်ပျိုးသီးနှံသုတေသနလုပ်ငန်းများကို မြှင့်တင်အားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်လာအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံအတွက် များစွာအကျိုးရှိလာမည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့်တွဲဖက်လုပ်ငန်းသည် မွေးမြူရေးလုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသော်လည်း မွေးမြူရေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ခြင်း မရှိသေးပေ။ အခြေခံကျပြီး စနစ်တကျမွေးမြူနိုင်ရန်အတွက် မွေးမြူရေးပညာရှင်များလိုအပ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးတက္ကသိုလ်နှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးတက္ကသိုလ်တစ်ခုစီသာရှိသည်။ စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်၍ သက်ဆိုင်ရာတက္ကသိုလ်များ ကျယ်ကျယ်ပြန့်ပြန့်လိုအပ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် စိုက်ပျိုးမွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများ၊ ကောလိပ်နှင့် တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် ပညာရှင်များ မွေးထုတ်ပေးနိုင်ပါက ကျယ်ပြန့်စွာဖြစ်ပေါ်လာမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင်လိုအပ်မည့် လူသားအရင်းအမြစ်များ လုံလောက်စွာရရှိလာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ခရိုင်များ တိုးချဲ့ဖွဲ့စည်းလျက်ရှိပြီး ခရိုင်များအလိုက် စိုက်ပျိုးမွေးမြူရေးနည်းပညာဆိုင်ရာ သင်တန်းကျောင်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။ သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များပေါ်ထွက်လာပါက လုပ်ငန်းခွင်များတွင် ဝင်ရောက်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အထွက်တိုးအောင် ကြိုးပမ်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး ရေခံ၊ မြေခံ အခြေခံကောင်းများ လုံလောက်စွာရှိသဖြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်ထွက်ရှိလာအောင် သုတေသနလုပ်ငန်းများနှင့် ဘာသာရပ်ဆိုင်ရာပညာရှင်များ ဖြည့်ဆည်းပေးပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## သံအမတ်ကြီး ဦးချစ်ဆွေအား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးချစ်ဆွေအား ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သော မြန်မာအားကစားသမားများအား အထူးကိစ္စရပ်အနေဖြင့် လူစီးမော်တော်ယာဉ် ဝယ်ယူခွင့်ပြုခြင်းဆိုင်ရာ အသိပေးကြေညာခြင်း

၁။ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆွတ်ခူးအောင်မြင်ခဲ့ကြသော မြန်မာအားကစားသမားများအား နိုင်ငံတော်မှ အားပေးဂုဏ်ပြုချီးမြှင့်သည့်အနေဖြင့် လူစီးမော်တော်ယာဉ် ဝယ်ယူခွင့်ကို အထူးကိစ္စရပ်အနေဖြင့် ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ ရွှေတံဆိပ်ဆုရ အားကစားသမားများအား ပြည်တွင်းရှိ မော်တော်ယာဉ် Showroom နှင့် Sale Center များမှ စက်စွမ်းအား ၂၀၀၀ စီစီနှင့်အောက်၊ CIF တန်ဖိုး(ဆိပ်ကမ်းရောက်တန်ဖိုး) ကျပ်သိန်း ၃၀၀ နှင့်အောက် လူစီးမော်တော်ယာဉ်တစ်စီးစီ ဝယ်ယူခွင့်ပြုမည်ဖြစ်ပြီး ၎င်းမော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခအား ကင်းလွတ်ခွင့်ပြုမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်သည်–

(က) ညွှန်ကြားရေးမှူး(ယာဉ်မှတ်ပုံတင်) – ဖုန်း ၀၆၇–၃၄၀၅၁၄၂

( ခ ) ဒုတိယညွှန်ကြားရေးမှူး(ယာဉ်မှတ်ပုံတင်) – ဖုန်း ၀၆၇–၃၄၀၅၀၃၈

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## ပဲခူးမြစ်အတွင်း ငါးရစ်ငါးသန်ကာလ ကွင်းဆင်းဆောင်ရွက်

ပဲခူး ဇွန် ၁၇

ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးတင်ဝင်းထွဋ်နှင့် ဝန်ထမ်းများသည် ဇွန် ၁၂ ရက်က ပဲခူးမြို့နယ် ဘောနတ်ကြီးကျေးရွာ တရုတ်လယ်ကျင်းလှေဆိပ်သို့ ကွင်းဆင်း၍ ငါးရစ်ငါးသန်ကာလဖြစ်သည့် မေ၊ ဇွန်၊ ဇူလိုင်လများတွင် ငါးများမိတ်လိုက်၊ ဥချ၊ သားပေါက်သည့် ရာသီချိန်ဖြစ်သဖြင့် ရေချိုငါးလုပ်ငန်း ရေပြင်အတွင်း ငါးရစ်ငါးသန်ကာလ ငါးမဖမ်းဆီးရေးနှင့် ဘက်ထရီရှော့တိုက် ငါးဖမ်းခြင်းများ မရှိစေရေးအတွက် ပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၇ – ၆ –၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၅၀၀ | ၇,၇၀၀ | ၂၈၀ | ၂,၁၂၂,၄၀၀ |
| MTSH | ၂,၆၅၀ | ၂,၇၀၀ | ၅၅၁ | ၁,၄၆၂,၇၀၀ |
| MCB | ၆,၈၀၀ | ၆,၉၀၀ | ၂၄၉ | ၁,၇၀၃,၂၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၅ | ၉၀,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၅၅၀ | ၆ | ၁၅,၃၅၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၂၅ | ၆၃,၇၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၅၂ | ၂၅၄,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၁၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၄၆.၂ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၆.၀၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၄၆၀ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၀.၅၅ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၀၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၉၄.၁ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၅.၄ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၃၇၀.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၂၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား တက်ရောက်





**နေပြည်တော် ဇွန် ၁၇**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့ဝင်များဖြစ်ကြသော မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမြင့်ကြိုင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်မျိုးထွဋ်၊ ဦးစန်းလွင်၊ ဦးအောင်ကျော်ထွန်း၊ ဒေါက်တာအောင်ဇေယျနှင့် ဦးသန့်စင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၊ ဌာနခွဲများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ယနေ့တွင် တတိယနေ့ပွဲစဉ်များအဖြစ် အမျိုးသား(၅၄-၅၈)ကီလိုတန်းတွင် အောင်ထက်မြတ်(ရန်ကုန်)နှင့် ရှိုင်းရဝေဖြိုး(ဧရာဝတီ) တို့က လည်းကောင်း၊ အမျိုးသား(၄၆-၅၀)ကီလိုတန်းတွင် လင်းထက်အောင်(ရှမ်း)နှင့် မြတ်မင်းဟန်(ရန်ကုန်) တို့က လည်းကောင်း၊ အမျိုးသား(၆၃-၆၈)ကီလိုတန်းတွင် အောင်ကောင်းခန့်(ရန်ကုန်)နှင့် စိုင်းစံမြင့်(ရှမ်း) တို့က လည်းကောင်း၊ အမျိုးသမီး(၄၀-၄၃)ကီလိုတန်းတွင် စုစုဝင်း(ရှမ်း)နှင့် ချမ်းငြိမ်းခင်(ရန်ကုန်)တို့က လည်းကောင်း၊ အမျိုးသမီး(-၄၀)ကီလိုတန်းတွင် အောင်ဂျွန်ဖြိုး(ဧရာဝတီ)နှင့် ဝင့်သိင်္ဂီထွန်း(ရန်ကုန်)တို့က လည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား(၇၄-၈၀)ကီလို ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက လည်းကောင်း၊ အမျိုးသမီး(+၇၃)ကီလို ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက လည်းကောင်း၊ အမျိုးသမီး(၆၇-၇၃)ကီလိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစန်းလွင်က လည်းကောင်း၊ အမျိုးသား အသင်းလိုက် သုံးယောက်တွဲ ကကွက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က လည်းကောင်း၊ အမျိုးသမီးအသင်းလိုက် သုံးယောက်တွဲ ကကွက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း၊ အမျိုးသား(၅၄-၅၈) ကီလို ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လည်းကောင်း၊ အမျိုးသား(၄၆-၅၀)ကီလို ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က လည်းကောင်း၊ အမျိုးသမီး(၄၀-၄၃)ကီလို ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က လည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

**စုပေါင်းတံခွန်စိုက်ဒိုင်း**

ဆက်လက်ပြီး အမျိုးသား(၆၃-၆၈) ကီလိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် အမျိုးသမီး (-၄၀)ကီလို ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို ကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုး တို့က ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ အမျိုးသား အကောင်းဆုံး အားကစားသမားဆုရရှိသည့် ရှိုင်းရဝေဖြိုး (ဧရာဝတီ)နှင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရရှိသည့် ထူးသဉ္ဇာအောင်(ရန်ကုန်)တို့ကို ကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က ဆုတံဆိပ်နှင့် ငွေသားဆုကျပ်တစ်သိန်းစီကို လည်းကောင်း၊ ရွှေ ခြောက်ခု၊ ငွေ နှစ်ခုနှင့် ကြေး သုံးခု တို့ဖြင့် အမျိုးသမီးတံခွန်စိုက်ဒိုင်း ရရှိသွားသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို ကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က လည်းကောင်း၊ ရွှေ ခုနစ်ခု၊ ငွေ သုံးခုနှင့် ကြေး နှစ်ခုတို့ဖြင့် အမျိုးသားတံခွန်စိုက်ဒိုင်းရရှိသွားသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို ကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က လည်းကောင်း၊ စုစုပေါင်း ရွှေ ၁၃ ခု၊ ငွေ ငါးခုနှင့် ကြေး ငါးခုတို့ဖြင့် စုပေါင်းတံခွန်စိုက်ဒိုင်း ရရှိသွားသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က လည်းကောင်း တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

☆ **ရှေ့ဖုံးမှ**

ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)ဒုတိယဥက္ကဋ္ဌ(၁) ခွန်ထွန်းတင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) ခွန်မင်းသိန်း၊ ဗဟိုကော်မတီဝင် ခွန်ဇွဲထိုက်ရ်တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဒုတိယဥက္ကဋ္ဌ(၁) ခွန်ထွန်းတင်တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြပြီး တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြကာ တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားလိုက်သည်။

တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဇွန် ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးစဉ်။**



## ကျိုက်လတ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကျိုက်လတ် ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်သစ်တောဦးစီးဌာနက ဦးဆောင်ကျင်းပသည့် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲက ကျိုက်လတ်မြို့ ဇဝနဗုဒ္ဓအကယ်ဒမီဝင်းအတွင်း ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇေယျ၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ကျိုက်လတ်မြို့နယ်သစ်တောဦးစီးဌာနတာဝန်ခံတောအုပ် ဦးအောင်ကျော်ဦးတို့က တက်ရောက်လာသူများထံသို့ မဟော်ဂနီပင် ၃၅၀၊ မန်ကျည်းရှားပင် ၃၅၀၊ ရေသင်းဝင်ပင် ၂၅၀၊ မာလာလူးကားပင် ၂၅၀ စုစုပေါင်း ပျိုးပင် ၁၂၀၀ အား ပေးအပ်၍ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **၂၀၇**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်ရုံ၌ ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး ဒေါ်ခင်ဆွေဝင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ငါးမွေးမြူရေးကန်အတွင်းသို့ ထိုင်ဝမ်ငါးခူ ငါးသားပေါက်များ စိုက်ထည့်ပေးကြစဉ်။

**နေပြည်တော် ဇွန် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော် ပုံနှိပ်စက်ရုံနှင့် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့၌ ကျင်းပသည့် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ နေပြည်တော်ပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး ဒေါ်ခင်ဆွေဝင်း တို့က မဟော်ဂနီပင်ကိုစိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများက ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများက ပျိုးပင်ပေါက်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် နေပြည်တော်ပုံနှိပ်စက်ရုံ၌ ကျွန်းပင် ၁၀၀၊ ကံ့ကော်ပင် ၂၀၊ ကုက္ကိုပင် ၂၀၊ မဟော်ဂနီပင် ၂၀၊ မဲဇလီပင် ၂၀ နှင့် မင်းကွတ်ပင် ၂၀ စုစုပေါင်း ပျိုးပင်ပေါက် ၂၀၀ ကို စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ခရေပင်ကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက ပျိုးပင်ပေါင်း ၁၆၀၀ ကို သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ငါးမွေးမြူရေးကန်အတွင်းသို့ ထိုင်ဝမ်ငါးခူ ငါးသားပေါက်များကို စိုက်ထည့်ပေးကြသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက ငါးမွေးမြူရေးကန်အတွင်းသို့ ငါးသားပေါက်အကောင်ရေ ၅၀၀၀ ကို စိုက်ထည့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Block C တွင် ရေဒီယိုနှင့် ရုပ်သံလိုင်းများမှ သတင်းတင်ဆက်သူများ၊ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မီဒီယာသည် အရေးကြီးကြောင်း၊ ခေတ်ကာလအလိုက် ပြောင်းလဲမှုများကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ပြည်သူများထံ သတင်းအမှန်များရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ကြည့်ရှုရန်၊ နားထောင်ရန် လိုအပ်သည့်အတွက် နှုတ်ပျိုသစ်လွင် တက်ကြွသည့် ပုံသဏ္ဌာန်ဖြင့် တင်ဆက်မှုကို ပြောင်းလဲဖော်ဆောင်လျက်ရှိကြောင်း၊ လူငယ်ကဏ္ဍကိုလည်း ဦးစားပေးထုတ်လွှင့်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ ရေဒီယိုထုတ်လွှင့်မှု စတူဒီယိုများကိုလည်းကောင်း၊ 5.1 Surround Sound စတူဒီယိုအခန်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

သတင်းစဉ်

# မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး ဒေသဆိုင်ရာဖိုရမ်နှင့် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ် အသုံးပြုမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ






**နေပြည်တော် ဇွန် ၁၇**

မဲခေါင်သိပ္ပံနှင့် ထိုင်းနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးတို့ ပူးပေါင်းကာ မဟာမဲခေါင်ဒေသအတွင်း မဲခေါင်-ကိုရီးယားပူးပေါင်း ဆောင်ရွက်ရေး ဒေသဆိုင်ရာဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် Hybrid စနစ်ဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဘန်ကောက်မြို့ရှိ သက်ဆိုင်ရာအစိုးရဌာနများနှင့် သံရုံးများမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ တက္ကသိုလ်များ၊ နိုင်ငံတကာနှင့် ဒေသတွင်း သုတေသနနယ်ပယ်မှ ကိုယ်စားလှယ် ၅၀ ကျော်တို့က ကိုယ်တိုင်တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အခြားသောအဖွဲ့ဝင်နိုင်ငံနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အွန်လိုင်းမှ တက်ရောက်ကြသည်။

အဆိုပါ ဖိုရမ်ကို မဲခေါင်ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး မူဘောင်၏ လက်ရှိအခြေအနေနှင့် ဦးတည်ဆောင်ရွက်မှုများကို လေ့လာဆန်းစစ်နိုင်ရန်၊ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအောက်တွင် မဲခေါင်နှင့် မိတ်ဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ အကြား ပေါင်းစည်းမှုဆိုင်ရာ အကြံပြုချက်များကို လေ့လာအကဲဖြတ်နိုင်ရန်နှင့် ကိုရီးယားသမ္မတနိုင်ငံ၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများမှ အစိုးရ၊ ပုဂ္ဂလိကကိုယ်စားလှယ် စုစုပေါင်း ၁၀၀ ကျော် ပါဝင်တက်ရောက်ကြသည်။

**ဆွေးနွေး**

အဆိုပါ ဖိုရမ်တွင် မဲခေါင်ဒေသ၏ နိုင်ငံရေးအခြေပြု စီးပွားရေးဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် မဲခေါင်ဒေသတွင်း အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြင်ပမိတ်ဖက်များနှင့် ထိတွေ့ဆက်ဆံရေးမူဘောင်များ၊ ပထဝီနိုင်ငံရေးဆိုင်ရာ မဟာဗျူဟာမြောက် ယှဉ်ပြိုင်မှုများနှင့် အနာဂတ်ကာလစိန်ခေါ်မှုများ၊ မဲခေါင်ဒေသအတွင်း နိုင်ငံတကာနှင့် ပြင်ပအဖွဲ့အစည်းများအကြား ထိတွေ့ဆက်ဆံမှုများ၊ မဲခေါင်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို ပိုမိုကျယ်ပြန့်အောင် ပေါင်းစည်းဖော်ဆောင် ထူထောင်ရေးနှင့် မဲခေါင်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ သံရုံးများမှ ကိုယ်စားလှယ်များ၊ သုတေသနပညာရှင်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဦးဆောင်ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးဖလှယ်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ အလွန်ကာလများတွင် မဲခေါင်အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး ပြန်လည်ထူထောင်ရန်အတွက် လက်ရှိ ပူးပေါင်းဆောင်ရွက်မှု မူဘောင်များကို အဆင့်မြှင့်တင်ရန် လိုအပ်မည့်အခြေအနေများ၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို အထောက်အကူပြုနိုင်မည့် အခြေအနေများ၊ မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု မူဘောင်အပြင် အခြားသောဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံများမှလည်း ပံ့ပိုးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များနှင့် မြန်မာနိုင်ငံမှ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် ခရီးသွားလုပ်ငန်းကဏ္ဍမှ ပူးပေါင်းဆောင်ရွက်နေမှုများကို ပါဝင်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ် (GLMS) အသုံးပြုမှုနှင့်စပ်လျဉ်း၍ ကျင်းပသည့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က အမှာစကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် Myanmar Ease Net Co.,Ltd မှ တာဝန်ရှိသူတို့က GLMS စနစ်အသုံးပြုမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ



နေပြည်တော် ဇွန် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပရာ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဦးစီးကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၂၂ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအတွက် ဦးစီးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးဖြစ်ပါကြောင်း။

အခမ်းအနားဖြစ်မြောက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက နာယက၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့်ဦးစီးကော်မတီနှင့် ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော လုပ်ငန်းကော်မတီများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ဦးစီးကော်မတီက လိုအပ်သော ဆပ်ကော်မတီ ၁၁ ခုကို ထပ်ဆင့်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့၏ လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း။

လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်နိုင်ရေးအတွက် ညွှန်ကြားချက်များ ထုတ်ပြန်၍ ဆောင်ရွက်သွားရန်၊ ဆပ်ကော်မတီများကလည်း ပူးပေါင်းလိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိသည့် အသေးစိတ်အခြေအနေများကို ဆွေးနွေးတင်ပြပြီး ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို Power point ဖြင့် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ မသန်စွမ်းသူများအတွက် မသန်စွမ်းမှတ်ပုံတင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနား ကျင်းပ



နေပြည်တော် ဇွန် ၁၇

မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း Pilot Project အဖြစ် ဆောင်ရွက်သည့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ မသန်စွမ်းသူများအတွက် မသန်စွမ်းမှတ်ပုံတင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဥတ္တရသီရိခရိုင် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းမှ Pilot Project ဖြင့်စိစစ်ပြီး မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်ရရှိမည့် မသန်စွမ်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၁/၂၀၂၂)တွင် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ကနဦးစီမံကိန်း လေးမြို့နယ်ဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင် မြို့နယ်တို့တွင် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်သွားကြရန် ဆုံးဖြတ်ခဲ့ကြပါကြောင်း၊ မေ ၉ ရက်တွင် မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ ရှေ့ပြေးစီမံချက် အကောင်အထည်ဖော်မှု မိတ်ဆက်ခြင်းအခမ်းအနားကို ကျင်းပခဲ့ပြီး မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း ဆရာဖြစ်သင်တန်းကိုလည်း မေ ၉ ရက်မှ ၁၁ ရက်အထိ ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၁၂၀ တက်ရောက်ခဲ့ကြောင်း၊ အဆိုပါ ဆရာဖြစ်သင်တန်းဆင်း ဆရာ ဆရာမများ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်းကွင်းဆင်း အသိပညာပေးဆောင်ရွက်ရာတွင် မိမိတို့ ဆန္ဒအလျောက် မသန်စွမ်းသူ မှတ်ပုံတင်လျှောက်ထားလာကြသည့် ကိုယ်အင်္ဂါ မသန်စွမ်းသူ ၃၇ ဦး၊ အမြင်အာရုံမသန်စွမ်းသူ တစ်ဦး၊ အကြားအာရုံမသန်စွမ်းသူ လေးဦး၊ ဉာဏ်ရည် မသန်စွမ်းသူ ၁၀ ဦး စုစုပေါင်း မသန်စွမ်းသူ ၅၂ ဦးတို့ကို မသန်စွမ်းမှတ်ပုံတင်လက်မှတ်များ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ မိမိတို့ဆန္ဒအလျောက် မသန်စွမ်းသူမှတ်ပုံတင်လျှောက်ထားလာကြသည့် ကိုယ်အင်္ဂါမသန်စွမ်းသူ ၃၇ ဦး၊ အမြင်အာရုံမသန်စွမ်းသူ တစ်ဦး၊ အကြားအာရုံမသန်စွမ်းသူ လေးဦး၊ ဉာဏ်ရည်မသန်စွမ်းသူ ၁၀ ဦး စုစုပေါင်း မသန်စွမ်းသူ ၅၂ ဦးတို့ကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်တို့က မသန်စွမ်းသူ မှတ်ပုံတင်လက်မှတ်များ ပေးအပ်ခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေ မသန်စွမ်းသူများ အသင်းဥက္ကဋ္ဌ ဒေါ်ခင်သီတာထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၆ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့သည့် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု အခြေခံသင်တန်းနှင့် ဝန်ထမ်းများ လုပ်ငန်းခွင်(ရုံးလုပ်ငန်းနှင့်ဘဏ္ဍာရေး စီမံခန့်ခွဲမှု)သင်တန်းဆင်းပွဲသို့ အွန်လိုင်းဖြင့် တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံတော်ဗဟိုဘဏ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

နေပြည်တော် ဇွန် ၁၇

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရုံးအမှတ်(၅၅)၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက မဟော်ဂနီပင်ကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်က စိန်ပန်းပင်ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းအမှုထမ်းများက ကျွန်းပင်၊ မဟော်ဂနီပင်၊ စိန်ပန်းပင်၊ စွယ်တော်ပင်များကို သတ်မှတ်ဧရိယာများအလိုက် စိုက်ပျိုးကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စုပေါင်းသစ်ပင်စိုက်ပျိုးနေသည့် အရာထမ်း/အမှုထမ်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ယခင်နှစ်များက စိုက်ပျိုးခဲ့သည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားသည်။

ယနေ့ ကျင်းပသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း၊ မဟော်ဂနီ၊ စိန်ပန်း၊ စွယ်တော်ပင် စုစုပေါင်းအပင် ၃၅၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပ္ပါတသန္တိစေတီတော် ရွှေစင်ရွှေပြား လုံးတော်ပြည့်စေသော်

ညိုထွန်းလွင်

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဥပ္ပါတသန္တိ ကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်ထားသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ကဦးဆောင်ကာ စေတီတော်ကြီး၏ ပထမဖောင်းရစ်ဧရိယာ ၂၆၀၄ စတုရန်းပေအား ရွှေစင်ရွှေပြား၊ ရွှေသင်္ကန်းနှင့် ရွှေဆေးသင်္ကန်းများ ကပ်လှူပူဇော်ပွဲကို ၂၀၂၃ ခုနှစ်တွင် ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အံ့ဖွယ်ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အမြင့်ပေအောက် တစ်ပေလျော့၍ ၃၂၅ ပေ ဉာဏ်တော်အမြင့်ရှိသော ဥပ္ပါတသန္တိစေတီတော်ကြီးသည် နိုင်ငံတော်အကြီးအကဲနှင့်တကွသော အများပြည်သူတို့၏ ကုသိုလ်ကောင်းမှုကြောင့် လုံးတော်ပြည့်ရွှေသင်္ကန်းများ ကပ်လှူပူဇော်နိုင်ရန် ရည်ရွယ်ထားရှိခဲ့ရာ သပ္ပာယ်တင့်တယ်စွာဖြင့် ဗုဒ္ဓဘာသာဝင်များအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ဖြစ်တည်လာမည် ဖြစ်ပါသည်။

**ဓာတ်တော်အစစ် ခြောက်ဆူ**

၄-၈-၂၀၀၆ ရက်နေ့မှ ၉-၃-၂၀၀၉ ရက်နေ့အထိ နှစ်နှစ် ခုနစ်လ ငါးရက်ကြာ တည်ထားခဲ့ရသော စေတီတော်မြတ်ကြီးတွင် ဂေါတမဘုရားရှင်၏ "သာရီရက" ဓာတ်တော်အစစ် ခြောက်ဆူကို ဌာပနာသွင်းလှူပူဇော်ထားရှိပါသည်။ ထီးတော်တင်လှူပြီးချိန်တွင် အပေါ်ပိုင်း စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်၊ ပန်းလည်တိုင်၊ ငှက်ပျောဖူးတော်၊ ကြာလန်ရွဲနှင့် ကြာမှောက်၊ အောက်ကြာနုအထိ ရွှေစင်ရွှေပြားများကို တစ်ပြိုင်နက်ပူဇော်ထားရှိပြီး စေတီတော်မြတ်ကြီး၏ ဖောင်းရစ်အောက် ကြာမှောက်မှ ပန်းတည်ခုံသို့တိုင် ရွှေဆေးသင်္ကန်းတော်များ ကပ်လှူပူဇော်ထားရှိခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ရွှေစင်ရွှေပြား သုံးကျပ်သား အချပ်ရေ ၁၂၀၇ ချပ်၊ တစ်ကျပ်သား အချပ်ရေ ၂၂၀ တို့ဖြင့် ရွှေဆေးသင်္ကန်းအပါအဝင် အတွက် အလှူရှင်များစွာတို့က ပထမအကြိမ် လှူဒါန်းပူဇော်ခဲ့ကြသည်။ စေတီတော်မြတ်ကြီး၏ ဝေယျာဝစ္စများကို ဂေါပကအဖွဲ့က တာဝန်ယူပြီးနောက် ပထမအကြိမ် ၈-၁၁-၂၀၁၄ ရက်နေ့မှ ၂၀-၂-၂၀၁၅ ရက်နေ့အတွင်း တတိယဖောင်းရစ်ဧရိယာ ၂၂၈၀ ဒသမ ၁၃ စတုရန်းပေအား ရွှေစင်ရွှေပြား ၂၅၅၄ ချပ်ဖြင့် ၂-၂-၂၀၁၅ ရက်နေ့တွင် ကပ်လှူပြီးစီးခဲ့ပြီး ကျန်အောက်ခြေ ပန်းတည်ခုံအထိနေရာတို့အား ရွှေဆေးသင်္ကန်းကို ဆက်လက်ကပ်လှူခဲ့ရာ ၂၀-၂-၂၀၁၅ ရက်နေ့တွင် ပြီးစီးအောင်မြင်ခဲ့သည်။ ဆက်လက်ပြီး ဒုတိယဖောင်းရစ်ဧရိယာ ၂၂၀၀ ဒသမ ၉၆ စတုရန်းပေအား ရွှေစင်ရွှေပြား ၂၂၃၂ ချပ် ကပ်လှူခြင်းနှင့် ကျန်အောက်ခြေပန်းတည်ခုံတိုင် ဧရိယာတို့အား ရွှေဆေးသင်္ကန်းကပ်လှူခြင်းကို ၁၈-၁၁-၂၀၁၈ ရက်နေ့မှ ၁၉-၂-၂၀၁၉ ရက်နေ့အတွင်း ဒုတိယအကြိမ် ကပ်လှူပြီးစီး အောင်မြင်ခဲ့သည်။



စေတီတော်မြတ်ကြီးကို ရဟန်းရှင်လူ ပြည်သူပြည်သားအပေါင်းတို့အား ဘေးဥပဒ်အန္တရာယ် ရန်အသွယ်သွယ်တို့မှ ကင်းစင်ငြိမ်းပျောက် ချမ်းသာရောက်စေပြီး ကောင်းကျိုးစဉ်ကကျက်သရေမင်္ဂလာအဖြာဖြာတို့ ပြည့်စုံစေလျက် ကြည်ညိုသဒ္ဓါပွားများနိုင်ကြစေရန် "ဥပ္ပါတသန္တိ" ဟူ၍ အမည်တွင်စေခဲ့ပြီး ရည်ရွယ်တည်ဆောက်ပူဇော်ထားရှိခဲ့ခြင်းဖြစ်သည်။

ယခုအခါ ဂေါပကအဖွဲ့၏ဦးဆောင်မှုဖြင့် တတိယအကြိမ်မြောက် ကပ်လှူပူဇော်မည်ဖြစ်ရာ အောက်ပါအတိုင်း လုပ်ငန်းအဆင့်ဆင့်ဖြင့် ဆောင်ရွက်ကြရသည် -

(၁) စီမံချက်ရေးဆွဲခြင်း။
(၂) ကော်မတီများဖွဲ့စည်းခြင်း။
(၃) ညှိနှိုင်း အစည်းအဝေးများကျင်းပခြင်း။
(၄) ရွှေစင်ရွှေပြား ကပ်လှူရေးအတွက် စေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း။

ထိုသို့ ဆောင်ရွက်ရမှုများအပြင် အသေးစိတ် စီမံဆောင်ရွက်ကြရာတွင် အောက်ပါအတိုင်း များပြားလှစွာ ဆက်လက်ဆောင်ရွက်ကြရသည်-

(၁) လှူဒါန်းကြလိုသူများစွာသိရှိစေခြင်းငှာ လှူဒါန်းပူဇော်နိုးဆော်လွှာများ ဖြန့်ဝေခြင်း။
(၂) ရွှေစင်သတ္တုနှင့် အောက်ခံကြေးပြားများ ဝယ်ယူခြင်း။
(၃) ဆောင်ရွက်နိုင်ကြမည့် ပညာရှင်များဖြင့် လုပ်ငန်းစာချုပ်များ စနစ်တကျရေးဆွဲချုပ်ဆိုခြင်း။
(၄) ဆောင်ရွက် ပြီးစီးသွားသော ရွှေစင်ရွှေပြားများကို မှန်ကန်စနစ်တကျ ရှိစေရေးအတွက် စစ်ဆေးရေး/ လက်ခံရေးအဖွဲ့များ ဖွဲ့စည်းခြင်း။
(၅) ရွှေစင်ရွှေပြားများ အောက်ခံကြေးဖရိန်၌ တပ်ဆင်မှုအပေါ်တွင် စိစစ်ကြပ်မတ်ရေး၊ ယခင်ကပ်လှူပူဇော်ပြီးစီးခဲ့မှုလုပ်ငန်းရပ်များကို အသေးစိတ်စစ်ဆေး၍ ချို့ယွင်းမှုများအပေါ် ပြန်လည်ပြုပြင်မွမ်းမံခြင်းများ သန့်စင်ခြင်း၊ အရောင်တင်ခြင်း၊ ခိုင်မြဲမှုစိစစ်ခြင်း။
(၆) လှူဒါန်းမှု အစုစုတို့အတွက် ဂုဏ်ပြုလွှာ မှတ်တမ်းများ၊ လှူဒါန်းနေရာကို မှတ်သားဖော်ပြပေးခြင်း၊ လုပ်ငန်းရပ်များအားလုံးအတွက် ဓာတ်ပုံရိုက်မှတ်တမ်းများပြုစုခြင်း။

**စောင့်ကြည့်လေ့လာပြင်ဆင်ရေးအဖွဲ့**

ထိုသို့ ဆောင်ရွက်ကြရာတွင် လုပ်ငန်းများ တိကျမှန်ကန်စွာနှင့် အောင်မြင်စွာ ပြီးစီးနိုင်စေရေးအတွက် "စောင့်ကြည့်လေ့လာ ပြင်ဆင်ရေးအဖွဲ့" ကို ဝန်ကြီးဌာနများမှ အသိပညာရှင်၊ အတတ်ပညာရှင်တို့ဖြင့် ဖွဲ့စည်းစေပြီး လက်တွေ့ကွင်းဆင်း စစ်ဆေး ဆောင်ရွက်ကြရပြန်ပါသည်။

ရွှေစင်ရွှေပြား ရွှေသင်္ကန်းကပ်လှူပူဇော်မှုသည် ကမ္ဘာတွင် မြန်မာနိုင်ငံတော်၏ ယုံကြည်မှု အထွတ်အမြတ်ထားခြင်းကို ဖော်ကျူးခြင်းသာဖြစ်ပါ၏။ မည်သည့်နိုင်ငံများတွင်မဆို ရွှေဖြင့် ကပ်လှူပူဇော်ခြင်းအစား ရွှေဆေးဖြင့်သာ ပူဇော်လေ့ရှိကြသည်။ ရွှေစင်ဦးဘဏ္ဍာရေးအလို့ငှာ နိုင်ငံတော်မှစုဆောင်း၍ ငွေစက္ကူ၏ တန်ဖိုးကိုသတ်မှတ်ကြပြီး ရွှေတို့အား ငွေကြေးဘဏ္ဍာအဖြစ် ရင်းနှီးစုဆောင်းထိန်းသိမ်းကြသည်။ ဗုဒ္ဓဘာသာဝင်ချင်းတူမျှလျက် စေတီတော်တို့အား ရွှေစင်ရွှေပြား ကပ်လှူခြင်း အလေ့အထမရှိကြ။ ထေရဝါဒဗုဒ္ဓဘာသာစင်စစ်ဖြစ်ကြသော မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာလျှင် တန်ဖိုးအရှိလှဆုံး ထိုရွှေကို ဘုရားစေတီကြီးများ၌ ရွှေသင်္ကန်းတော်အဖြစ် ဆက်ကပ်လှူဒါန်းခြင်းကြောင့် ကမ္ဘာက မြန်မာအား "ရွှေနိုင်ငံ"၊ "Golden Myanmar" ဟူ၍ ခေါ်ဆိုသမုတ်ခဲ့ခြင်းသာ။

> **"ဗုဒ္ဓဘာသာဝင်ချင်းတူမျှလျက် စေတီတော်တို့အား ရွှေစင်ရွှေပြားကပ်လှူခြင်း အလေ့အထမရှိကြ။ ထေရဝါဒဗုဒ္ဓဘာသာစင်စစ်ဖြစ်ကြသော မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာလျှင် တန်ဖိုးအရှိလှဆုံး ထိုရွှေကို ဘုရားစေတီကြီးများ၌ ရွှေသင်္ကန်းတော်အဖြစ် ဆက်ကပ်လှူဒါန်းခြင်းကြောင့် ကမ္ဘာက မြန်မာအား "ရွှေနိုင်ငံ"၊ "Golden Myanmar" ဟူ၍ ခေါ်ဆိုသမုတ်ခဲ့"**

**ရွှေနိုင်ငံ**

ဤသည်ကို မြန်မာတို့က ဂုဏ်ယူကြရမည်ဖြစ်ပါ၏။ စင်စစ်ရွှေထွက်မှုနှုန်းများ၍ "ရွှေနိုင်ငံ" ဟု ခေါ်ဆိုသမုတ်ခံရခြင်းမဟုတ်ပါ။ ဗုဒ္ဓဂေါတမ၏ ဓမ္မတရားတော်များကို အလေးအနက် ယုံကြည်စွာကိုးကွယ်စောင့်ရှောက်မှုဖြင့် ရွှေစင်ရွှေပြားများစွာတို့အား အလှူရှင်ပြည်သူ၊ ပြည်သားများက ကပ်လှူပူဇော်ခြင်းဂုဏ်ကြောင့်ဟူသည်ကို သိရှိနားလည်ကြရမည်ဖြစ်သည်။

ယုံကြည်သက်ဝင်မှုသည် မှန်ကန်မှုရှိစေရန်အရေးအကြီးဆုံးဖြစ်၏။ ကျွန်တော်သည် ဗုဒ္ဓဘာသာဝင်၊ ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ဖြစ်ဖို့ ယုံကြည်လေးစားမှုရှိရန် အကြိမ်ကြိမ်အဖန်ဖန် ကိုယ့်ဘာသာဆန်းစစ်ခဲ့ပါသည်။ ပွင့်တော်မူခဲ့ပြီးသော ဘုရားရှင်အဆူဆူတို့သည် ကောင်းမြတ်သော အကျိုးကိုဖြစ်ပေါ်စေခြင်းငှာ တရား၊ ဓမ္မ၊ ကျမ်းစာများစွာတို့ကို ဟောကြားပေးခဲ့ကြပါ၏။ ဘာသာတိုင်း၏ ဓမ္မအသိသည် ကောင်းမြတ်သော အကျိုးများရှိစေခြင်းငှာ၊ ဟောကြားဆုံးမခဲ့ခြင်းသာဖြစ်ကြောင်း အလေးအနက်ခံယူလာနိုင်ခဲ့ပါသည်။

ဗုဒ္ဓဘာသာဝင် မြန်မာတို့ကား "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟူ၍ သုံးကြိမ်ရွတ်ဆိုကြကာ၊ အလှူအတန်း၊ ဘာသာသာသနာရေးကိစ္စတို့ကို နိဒါန်းစခဲ့ကြ၏။ ဆိုလိုရင်းကား ပွင့်တော်မူခဲ့ပြီးကြသော ဘုရားရှင်တို့အား ကြည်ညိုလေးမြတ်စွာ ဦးခိုက်၍ ဝပ်တွားရှိခိုးပူဇော်ခြင်းအဖွင့်ပင်။ နိဂုံးချုပ်၌ ဗုဒ္ဓသာသနံ၊ စိရံတိဋ္ဌတု" ဟူ၍ ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့ပါစေ ဟူ၍ ဆုတောင်းကြလျက် ပြီးဆုံးစေမှုကို အဆုံးသတ်ခဲ့ကြပါ၏။

ရွှေနိုင်ငံတော်သား ရွှေနိုင်ငံတော်သူများ ဖြစ်ကြကုန်သော မြန်မာတို့ အခါအခွင့်သင့်ချိန် လှူဒါန်းပူဇော်မှု အစုစုတို့ကိုပြုနိုင်ကြစေရန် "ရွှေတောင်ပေါက်....ဝမ်းမြောက်ပျော်တဲ့သူ" အကျိုးပြု ကဗျာကိုရေးဖွဲ့ခဲ့သော နေပြည်တော် (တပ်ကုန်း) မဟာသီဟနာဒကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရုနိုင်ငံတော် ဩဝါဒါစရိယ ဥပ္ပါတသန္တိစေတီတော်၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ၏ကဗျာကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

"စေတီဘုရား၊ ရွှေပြားကိုလှူ
ကြွယ်ဇဋ္ဋိလ၊ သဒ္ဒိသ ပုံတူ
ကောင်းဂုဏ်သတင်း၊
သင်းသင်းကြူကြူ
ရွှေတောင်ပေါက်၊
ဝမ်းမြောက်ပျော်တဲ့သူ။

ရွှေသည် တန်ဖိုးကြီးမြတ်လှပါ၏။ ရွှေစင်ရွှေပြားတို့အား စုဆောင်းထားကြသူများ၊ ငွေသားများအား စုဆောင်းထားရှိကြသူများ၊ လက်ဝတ်ရတနာပြု၍ ဂုဏ်ပြုခံလိုသူများ၊ ပြည့်စုံနေကြသူများစွာတို့ကို အလေးအနက် တိုက်တွန်းလိုပါ၏။ အခါအခွင့်အသင့်လျော်ဆုံးဖြစ်သော "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"ထံ ရွှေစင်သင်္ကန်းတော်၊ ရွှေဆေးသင်္ကန်းတော်များ ကပ်လှူပူဇော်နိုင်ကြစေရေးအတွက် သတင်းကောင်းနှိုးဆော်ဖော်ပြ ရည်ညွှန်းဖွဲ့ဆိုအပ်ပါသည်။ ။

✻ ကျောဖုံးမှ

အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က "ကျွန်တော်တို့ ကျောင်းအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၈၇ ဦးရှိပြီး ၄၁ ယောက် အောင်မြင်တဲ့အတွက် အောင်ချက်ရာခိုင်နှုန်းအားဖြင့် ၄၇ ဒသမ ၁ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဂုဏ်ထူးရရှိမှုအနေနဲ့ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးနဲ့ တစ်ဘာသာဂုဏ်ထူးရှင် ငါးဦးဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောင်းအောင်ချက်ကို ကျေနပ်အားရမှု ရှိပါတယ်။ စာစစ်ဌာနကျောင်းတွေမှာတော့ မနက် ၆ နာရီဆို အောင်စာရင်းတွေ ထုတ်ပြန်ပြီး မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှာတော့ မနက် လေးနာရီကစပြီး Website မှာ ကြေညာပေးထားရမယ်လို့ ညွှန်ကြားထားပါတယ်။ ဒါကြောင့် ဌာနရဲ့ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖြေဆိုသူတွေအားလုံးကိုတော့ အောင်စေချင်တယ်။ ဖြေဆိုသူကလေးငယ်တွေရော သင်ကြားပေးတဲ့ဆရာ ဆရာမတွေ၊ အုပ်ထိန်းသူ မိဘတွေ သုံးဦးသုံးဖလှယ် ဟန်ချက်ညီမှ စာမေးပွဲအောင်မြင်စွာ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ ယခင်နှစ်နဲ့ယှဉ်ရင် အခုနှစ် ကျွန်တော်တို့ကျောင်း အောင်ချက်က အများကြီးတိုးတက်လာပါတယ်" ဟုပြောသည်။



ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်



မောင်သက်ပိုင်လင်း

**ဝင်ရောက်ကြည့်ရှုသူများပြား**

ထို့ပြင် ယနေ့ နံနက် ၄ နာရီတွင်လည်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ပေးခဲ့ရာ ဝင်ရောက်ကြည့်ရှုသူ များပြားခဲ့ကြောင်း သိရသည်။

တက္ကသိုလ်ဝင် စာမေးပွဲ ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့သူ မောင်သက်ပိုင်လင်းက "ဒီနေ့ တက္ကသိုလ်ဝင်တန်းအောင်မြင်တဲ့အတွက် ဝမ်းသာပျော်ရွှင်နေပါတယ်။ မျှော်မှန်းထားသလို ဖြစ်လာတဲ့အတွက်လည်း ကျေနပ်မိတယ်။ ထွက်ပေါ်လာမယ့် အမှတ်အပေါ်မူတည်ပြီး ဘယ်ကျောင်းတွေ ဆက်တက်ရမယ်ဆိုတာ ရွေးချယ်ဆုံးဖြတ်ရမှာပါ။ စာမေးပွဲ အောင်မြင်အောင် သင်ကြားပြသပေးတဲ့ ဆရာ ဆရာမတွေ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်လို စာမေးပွဲအောင်မြင်တဲ့ သူငယ်ချင်းတွေအတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်" ဟု ပြောသည်။

**ကြိုးစားသင်ယူခဲ့**

တက္ကသိုလ်ဝင် စာမေးပွဲ ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့သူ တစ်ဦးကလည်း "တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရမယ်လို့ စသိကတည်းက ဖြေချင်နေခဲ့တာပါ။ ကျောင်းက သင်ပေးတဲ့စာတွေကို တစ်နေ့စာတစ်နေ့ အပြီးလုပ်ပါတယ်။ နားမလည်တဲ့ စာတွေကိုလည်း ဆရာ ဆရာမတွေကို သေချာမေးမြန်းပြီး ကြိုးစားသင်ယူခဲ့ပါတယ်။ ဒါကြောင့် အခု အောင်စာရင်း ထွက်တော့လည်း အောင်မြင်မယ်လို့ မျှော်လင့်ခဲ့တဲ့အတိုင်း ဖြစ်လာခဲ့ပါတယ်။ အခုလို အောင်မြင်အောင် ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြတဲ့ မိဘနှစ်ပါးနဲ့ ဆရာ ဆရာမတွေကို ကျေးဇူးတင်ရှိပါတယ်။ အမှတ်စာရင်း ထွက်လာမှ ဘယ်ပညာရပ်တွေကို ဆက်လက်သင်ယူရမယ်ဆိုတာ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်" ဟုပြောသည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို Website မှ အသိပေး ထုတ်ပြန်ကြေညာသည့်အပြင် ဝေးလံသော ဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက် အဆက်အသွယ် ကောင်းစွာမရရှိသော စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယို အစီအစဉ်မှလည်း ကြေညာပေးခဲ့ပြီး အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိလာပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းလည်း သိရသည်။

## ၂၀၂၃-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် စာမေးပွဲဝင်ရောက်ဖြေဆိုခြင်းမရှိသော ကျောင်းသားကျောင်းသူများအတွက် ၂၀၂၃ ခုနှစ်တွင် နောက်ဆုံးတစ်ကြိမ် တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပပေးမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

**၄၇ ဒသမ ၁၈ ရာခိုင်နှုန်း**

၂၀၂၂ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြေဆိုသူ ၁၆၁၀၉ ဦးရှိပြီး အောင်မြင်သူ ၇၆၀၀ ရှိကာ အောင်မြင်မှုရာခိုင်နှုန်းအနေဖြင့် ၄၇ ဒသမ ၁၈ ရာခိုင်နှုန်းရှိကြောင်း၊ ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့တွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၁၄၃၇ ဦး၊ ရိုးရိုးအောင်မြင်သူ ၂၀၁၇ ဦး စုစုပေါင်း ဦးရေ ၃၄၅၄ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၄၆ ဒသမ ၀၁ ရာခိုင်နှုန်းနှင့် ဒက္ခိဏခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့တွင် ဂုဏ်ထူးရကျောင်းသားကျောင်းသူ ၁၇၁၃ ဦး၊ ရိုးရိုးအောင်မြင်သူ ၂၄၃၃ ဦး စုစုပေါင်း ၄၁၄၆ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၄၈ ဒသမ ၂၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**သတင်း - အောင်သန့်**
**ဓာတ်ပုံ - ကိုကိုကျော်**

## ၂၀၂၂ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ၏ ရင်တွင်းစကားသံများ

**ရန်ကုန် ဇွန် ၁၇**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၂ မတ် ၃၁ ရက်မှ ဧပြီ ၉ ရက်အထိ ကျင်းပခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ဇွန် ၁၇ ရက် နံနက်ပိုင်းမှစ၍ ထုတ်ပြန်ခဲ့သည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကို နံနက် ၄ နာရီတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်အောင် စီစဉ်ထားပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာနကျောင်းများတွင်လည်း အဆိုပါအောင်စာရင်းကို ထုတ်ပြန်ထားသည်။

တက္ကသိုလ်ဝင်စာမေးပွဲကို ရန်ကုန်တိုင်းဒေသကြီးရှိ ၄၄ မြို့နယ်မှ ကျောင်းသား ကျောင်းသူ ၃၃၄၄၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး စာမေးပွဲ အောင်ချက်မှာ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ၄၆ ရာခိုင်နှုန်းကျော် ရှိကြောင်းသိရသည်။

တစ်နိုင်ငံလုံးအနေဖြင့် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ၌ အမှတ်အများဆုံးရရှိသူ ၁၂ ဦး၊ ဝိဇ္ဇာဘာသာတွဲ၌ အမှတ်အများဆုံးရရှိသူ ၁၁ ဦး၊ ဝိပ္ပံဘာသာတွဲ၌ အမှတ်အများဆုံးရရှိသူ ၁၁ ဦး ရှိကြောင်းသိရသည်။

ယနေ့ ဇွန် ၁၇ ရက်တွင် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးမှ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင်နှင့် လေးဘာသာဂုဏ်ထူးရှင်တို့၏ ရင်တွင်းစကားသံများကို မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



အထက (၅) ကမာရွတ်မှ ခြောက်ဘာသာဂုဏ်ထူးရှင်



လေ့ကျင့်ရေးအထက်တန်းကျောင်း (ကမာရွတ်)TTC မှ လေးဘာသာဂုဏ်ထူးရှင်



အထက (၅) ဗိုလ်တထောင်မှ လေးဘာသာဂုဏ်ထူးရှင်

**အထက(၅) ကမာရွတ်မှ ခြောက်ဘာသာဂုဏ်ထူးရှင်**

ဘာသာစုံဂုဏ်ထူးထွက်လို့ သမီးအလွန်ပျော်ပါတယ်။ မိဘတွေ ဆွေမျိုးတွေလည်း အတော်ပျော်နေတာ တွေ့ရပါတယ်။ ဆရာတွေဂုဏ်ယူရတဲ့အထိ အောင်မြင်ခဲ့လို့ သမီးဝမ်းသာပါတယ်။ သမီးက ခြောက်ဘာသာဂုဏ်ထူးရချင်တဲ့အတွက် နှစ်စကတည်းက တစ်နေ့စာတစ်နေ့ ပုံမှန်လုပ်တယ်၊ အိမ်စာတွေဆိုလည်း ပြီးအောင်လုပ်တယ်။ ညဥ့်နက်တဲ့အထိ ကြိုးစားပါတယ်။ စာမေးပွဲတွေဆိုလည်း သေချာအလေးထားပြီး ဖြေပါတယ်။ အားနည်းတယ်ထင်တဲ့ဘာသာတွေကို ပိုပြီးလုပ်တယ်၊ ပုံဆွဲကျင့်တယ်၊ မေးခွန်းဟောင်းတွေ လေ့ကျင့်ဖြေဆိုတယ်၊ ဒီနှစ်ဖြေမယ့် မောင်လေး ညီမလေးတွေ အချိန်တွေ အများကြီးရပါသေးတယ်၊ ကြိုးစားကြပါလို့ပြောချင်ပါတယ်။ သမီးရဲ့မိဘနှစ်ပါး၊ အထူးသဖြင့် သမီးရဲ့မေမေ၊ ငယ်ငယ်လေးကတည်းက အခုထိသင်ကြားပေးခဲ့တဲ့ ဆရာ ဆရာမတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ငယ်ငယ်လေးကတည်းက သမီးက ကလေးအထူးကုဆရာဝန်ကြီး ဖြစ်ချင်ခဲ့တာပါ။ အမှတ်မီခဲ့ရင် ဆေးတက္ကသိုလ်တက်မယ်လို့ စိတ်ကူးရှိပါတယ်။

**လေ့ကျင့်ရေးအထက်တန်းကျောင်း(ကမာရွတ်) TTC မှ လေးဘာသာဂုဏ်ထူးရှင်**

သမီးက မြန်မာစာ၊ ဓာတုဗေဒ၊ ရူပဗေဒနဲ့ ဇီဝဗေဒ လေးဘာသာ ဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တာပါ။ သမီး လေးဘာသာဂုဏ်ထူးရတာ အလွန်ပျော်ပါတယ်။ မှန်းထားတာက ဘာသာစုံဂုဏ်ထူးဆိုတော့ စိတ်ထဲမှာတော့တစ်မျိုးဖြစ်တာပေါ့။ မောင်လေးတွေ ညီမလေးတွေလည်း နှစ်စကတည်းက ပုံမှန်တစ်နေ့စာတစ်နေ့ကြိုးစားကျက်ပြီး ကျန်းမာရေးလည်း ဂရုစိုက်၊ သေသေချာချာကြိုးစားကြမယ်ဆိုရင် ဂုဏ်ထူးတွေ အများကြီးနဲ့ အောင်မြင်နိုင်ပါတယ်။ သမီးက နှစ်စကတည်းက ခြောက်ဘာသာဂုဏ်ထူး မှန်းပြီး ကြိုးစားခဲ့တာပါ။ သင်ခန်းစာတွေ၊ မေးခွန်းဟောင်းတွေကအစ အားလုံးလေ့လာ လေ့ကျင့်ကျက်မှတ်ခဲ့ပါတယ်။ ဒါပေမယ့် ဘာသာစုံဂုဏ်ထူးမရခဲ့ပေမယ့် လေးဘာသာရတော့လည်း ပျော်ပါတယ်။ သမီးက အမေပဲရှိတာ၊ အမေက ငယ်ငယ်ကတည်းက အခုအချိန်ထိ အစစအရာရာ ပညာရေးကအစ သူတတ်နိုင်သလောက် အစွမ်းကုန် အားပေးပံ့ပိုးခဲ့ပါတယ်၊ မေမေ့ကို ကျေးဇူးတင်ပါတယ်။ သမီးရည်မှန်းချက်က ဆရာဝန် ဖြစ်ချင်တာပါ။

**အထက(၅) ဗိုလ်တထောင်မှ လေးဘာသာဂုဏ်ထူးရှင်**

သမီးက မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွေမှာ ဂုဏ်ထူးထွက်ပါတယ်။ ၁၀ တန်းစတက်ကတည်းက မိဘဂုဏ်ယူရတဲ့သမီးတစ်ယောက်ဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ စိတ်နဲ့ကြိုးစားခဲ့တယ်။ စာကို တစ်နေ့စာတစ်နေ့ ပုံမှန်ကျက်တယ်။ သင်္ချာပုဒ်စာတွေကိုလည်း ပုံမှန်တွက်ခဲ့တယ်။ အားနည်းတဲ့ ဘာသာဖြစ်တဲ့ ရူပဗေဒနဲ့ ဓာတုဗေဒဘာသာတွေကို သေချာကြိုးစားကျက်မှတ်ခဲ့တယ်။ သင်ကြားတဲ့ဘာသာရပ်တွေကို နားမလည်တဲ့အခါမှာ ဆရာ ဆရာမတွေကို မေးမြန်းတယ်။ ဆရာ ဆရာမများကလည်း ကျောင်းသားနားလည်တဲ့အထိ စိတ်ရှည်စွာရှင်းပြပေးခဲ့တယ်။ သမီးရဲ့မိဘနှစ်ပါးကလည်း လိုလေသေးမရှိ ကျန်းမာရေးကအစ သေချာဂရုစိုက်စောင့်ရှောက်ပေးခဲ့တယ်။ အကြောင်းအမျိုးမျိုးကြောင့် သမီးမှန်းထားတဲ့ ခြောက်ဘာသာမထွက်ပေမယ့်လည်း လေးဘာသာပဲထွက်ခဲ့အတွက် ပျော်ပါတယ်။ ဆရာ ဆရာမတွေနဲ့ မိဘနှစ်ပါးရဲ့ ပံ့ပိုးကူညီပေးတဲ့ ကျေးဇူးကြောင့် ဖြစ်ပါတယ်။ သမီးက ဆေးတက္ကသိုလ်တက်ပြီး လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်တဲ့ ဆရာဝန်ကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားသွားချင်ပါတယ်။ မောင်လေး ညီမလေးတွေ အားလုံကလည်း မိဘ ဆရာစကားကိုနားထောင် ပြီး ဘဝရဲ့ရွေးချယ်သင်ယူဆောင်ရွက်တဲ့ အရာတိုင်း အစွမ်းကုန်ကြိုးစားအောင်မြင်မှုရရှိပါစေလို့ ဆုတောင်းပေးပါတယ်။ **တွေ့ဆုံမေးမြန်း - မွေးမွေး**

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး ဒုတိယဆုရရှိသူ မယဉ်ယဉ်နွယ်နှင့် တွေ့ဆုံခြင်း

**ဇလွန် ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝိဇ္ဇာဘာသာတွဲတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ဒုတိယဆုရရှိသူ အထက ရွှေကျောင်းမှ သုံးဘာသာဂုဏ်ထူးရှင် မယဉ်ယဉ်နွယ်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။သမီးအနေနဲ့ သုံးဘာသာဂုဏ်ထူးရရှိအောင် ဘယ်လိုပြင်ဆင် ကြိုးစားခဲ့သလဲဆိုတာ ပြောပြပေးပါဦး။

ဖြေ။ ။ဟုတ်ကဲ့ပါရှင့် သမီးကျောင်းစတက်ကတည်း ကျောင်းမှန်မှန်တက်ခဲ့ပါတယ်။ စာကိုပုံမှန်ကျက်ခဲ့ပါတယ်ရှင့်။ ဆရာ ဆရာမတွေ စာသင်ကြားတဲ့ အချိန်မှာလည်းအာရုံစူးစိုက်ပါတယ်။ တစ်နေ့ပေးတဲ့ ကျောင်းသင်ခန်းစာများကို တစ်နေ့ပြီးမြေက်အောင်ကျက်ခဲ့ပါတယ်။ ကျန်းမာရေးကိုလည်း အတတ်နိုင်ဆုံး ဂရုစိုက်ခဲ့ပါတယ်။ စာအုပ်စာပေများကို အားလပ်ချိန်များတွင် ဖတ်ရှုခဲ့ပါတယ်။

မေး။ ။စာပေသင်ကြားမှု အထောက်အကူပြုဝါသနာ ဘာတွေလုပ်ခဲ့ပါသလဲ။

ဖြေ။ ။စာပေသင်ကြားမှုကို အထောက်အကူပြုစေရန် အားလပ်ချိန်များတွင် ကျောင်းစာကြည့်တိုက်မှ စာအုပ်များကို ဖတ်ရှုလေ့လာခဲ့ပါတယ်။ ကျောင်းသင်ခန်းစာများကို သူငယ်ချင်းများနှင့်အတူ အပြန်အလှန်ဆွေးနွေးခဲ့ကြပါတယ်။

မေး။ ။သမီးအနေနဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အမှတ်ကောင်းစွာနဲ့ အောင်မြင်ပြီးနောက် သမီးရည်မှန်းချက်ပန်းတိုင်ကို ပြောပြပေးပါ။

ဖြေ။ ။ဟုတ်ကဲ့ပါသမီးကတော့အထက်တန်းပြ ဆရာမတစ်ယောက်ဖြစ်ချင်ပါတယ်။ အေးချမ်းတဲ့ ဆရာမဘဝကိုသဘောကျပြီး အနာဂတ်မျိုးဆက်သစ်များကို မိမိတတ်နိုင်သောအင်အားဖြင့် မွေးထုတ်ပေးချင်သောကြောင့် အထက်တန်းပြ ဆရာမတစ်ယောက် ဖြစ်ချင်ပါတယ်ရှင့်။

**ဝေယံ(ပြန်/ဆက်)**

■



မယဉ်ယဉ်နွယ်

# ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ပညာလေ့လာသင်ကြားမှုကို မရပ်တန့်လိုက်ပါနှင့်

**မလှရှုပါအောင်၊ ခြောက်ဘာသာဂုဏ်ထူးရှင်(သိပ္ပံဘာသာတွဲ)**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့ ဇွန် ၁၇ ရက်တွင် သက်ဆိုင်ရာစာစစ်ဌာနများ၌ ထုတ်ပြန်ကြေညာခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ (၆)ဘာသာဂုဏ်ထူးရှင် မောင်ကောင်းစည်သူဟိန်းနှင့် မလှရှုပါအောင်တို့၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိခဲ့ရပါသည်။

**မောင်ကောင်းစည်သူဟိန်း**

**ရေကြည်မြို့နယ် အထက (ငါးသိုင်းချောင်း) စာစစ်ဌာနမှ (သိပ္ပံဘာသာတွဲ)**

မေး။ ။ ဂုဏ်ထူးများဖြင့်အောင်မြင်မှုရရှိအောင် ကြိုးစားခဲ့ပုံကို ပြောပြပေးပါ။

ဖြေ။ ။ ပညာသင်နှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ အခြေအနေကြောင့် ကျောင်းများ ယာယီ ပိတ်ထားသော်လည်း ပညာလေ့လာသင်ယူမှုကို မရပ်တန့်ခဲ့ပါဘူး။ ဘာသာရပ်အလိုက်လေ့လာသင်ယူမှုကို နေ့စဉ်ပုံမှန်ဆောင်ရွက်ခဲ့ပါတယ်။ နားမလည်တဲ့ ဘာသာရပ်တွေကိုလည်း ဆရာ ဆရာမများထံ ဆက်သွယ်မေးမြန်း သင်ယူခဲ့ပါတယ်။

မေး။ ။ အနာဂတ်အတွက်ရည်မှန်းချက်ကို ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ ဆေးတက္ကသိုလ်တက်ရောက်ပြီး တိုင်းပြည်နှင့်လူမျိုးကို အကျိုးပြုနိုင်မည့် ဆရာဝန်ကောင်းတစ်ယောက်ဖြစ်အောင် ဆက်လက်ကြိုးစားသွားပါမယ်။ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးနှင့် ယခုလိုထူးချွန်အောင်မြင် အောင် ပညာသင်ကြားပေးခဲ့တဲ့ ဆရာ ဆရာမများကို ကျေးဇူးအထူးတင်ရှိပါတယ်။



မောင်ကောင်းစည်သူဟိန်း



မလှရှုပါအောင်

မေး။ ။ မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများကိုအကြံပြုတိုက်တွန်းချက် ပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ တစ်နေ့တာသင်ကြားမှုတွေကို အကြွေးမထားဘဲ လေ့လာ၊ သင်ယူ၊ ကျက်မှတ်ခြင်းအားဖြင့် ကျွန်တော့်လို ကျောင်းအတွက်၊ နိုင်ငံအတွက် ဂုဏ်ယူအားထားရတဲ့ ထူးချွန်တဲ့ လူငယ်လေးများ ဖြစ်ပေါ်လာစေမှာဖြစ်ပါကြောင်း အကြံပြုတိုက်တွန်းလိုပါတယ်။

**မလှရှုပါအောင်**

**အထက (ငါးသိုင်းချောင်း) စာစစ်ဌာနမှ (သိပ္ပံဘာသာတွဲ)**

မေး။ ။ သမီးရဲ့အနာဂတ်ရည်မှန်းချက်ကို ပြောပြပေးစေချင်ပါတယ်။

ဖြေ။ ။ အများပြည်သူကို အကျိုးပြုနိုင်မည့် ခွဲစိတ် အထူးကုဆရာဝန်တစ်ယောက်ဖြစ်အောင် ဆက်လက်ကြိုးစားသွားပါမယ်။ မောင်လေး၊ ညီမလေးတွေကို တိုက်တွန်းချင်တာကတော့ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ပညာသင်ယူမှု၊ လေ့လာသင်ကြားမှုတွေကို မရပ်တန့်လိုက်ပါနဲ့၊ နားမလည်တာ၊ မသိတာများရှိခဲ့ရင် ဆရာ ဆရာမတွေကို ဆက်သွယ် မေးမြန်းပြီး အမြဲမပြတ် လေ့လာသင်ယူခြင်းအားဖြင့် ဘာသာစုံဂုဏ်ထူးများဖြင့် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုတိုက်တွန်းလိုပါတယ်။

**တွေ့ဆုံမေးမြန်း- နှင်းယုဝေ(ပြန်/ဆက်)**
**ဓာတ်ပုံ- စိုးမင်းဦး(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့နယ်မှ ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၏ ရင်တွင်းစကားသံများ

**ကျောင်းကုန်း ဇွန် ၁၇**

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်မှ ငါးဘာသာဂုဏ်ထူးရရှိခဲ့သူနှစ်ဦး၏ ရင်တွင်းစကားသံကို အခုလိုပဲ ပြောပြခဲ့ပါတယ်။

**မောင်ညီရဲထက် (ငါးဘာသာဂုဏ်ထူးရှင်)**

ကျွန်တော်က ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာကနေ ကံ့ကော်မြိုင်ကိုယ်ပိုင်အထက်တန်းကျောင်းမှာ လာရောက်ပညာသင်ယူနေတဲ့ ကျောင်းသားဖြစ်ပါတယ်။ ကျောင်းတက်တဲ့ ကာလ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့အချိန်အတွင်းမှာ စာကိုလည်းကြိုးစား၊ ကျန်းမာရေးကိုလည်း ဂရုတစိုက်နဲ့ ပြုမူနေထိုင်ရပါတယ်၊ ကျောင်းမှန်မှန်တက်ခြင်းကလည်း အကျိုးထူးရစေပါတယ်။ ကျွန်တော့်အနေနဲ့ ကျောင်းကသင်တဲ့စာတွေကို တစ်နေ့စာတစ်နေ့ မှန်မှန်လေ့ကျင့်ခဲ့ပါတယ်။ တစ်ပတ်ပြည့်ရင်တစ်ကြိမ် ပြန်လည်ကျက်မှတ်လေ့လာပါတယ်။ မကျေလည်တဲ့ စာတွေကိုလည်း ဘာသာပြ ဆရာ ဆရာမတွေကို ပြန်လည်မေးမြန်းပြီး လေ့ကျင့်ခဲ့ပါတယ်။

မိဘနှစ်ပါးကလည်း ပညာရေးဝန်ထမ်းဆရာ ဆရာမများဖြစ်တဲ့အတွက် အထောက်အကူများစွာ ရရှိခဲ့ပါတယ်။ ဘာသာရပ်တွေအားလုံး အခက်အခဲမရှိပါဘူး။ သင်္ချာကတော့ ထပ်တလဲလဲ တွက်ချက်လေ့လာရပါတယ်။ ခြောက်ဘာသာအထိ ဂုဏ်ထူးထွက်ချင်ပေမယ့် ငါးဘာသာဂုဏ်ထူးရရှိတာကိုပဲ ကျေနပ်ဝမ်းသာရပါတယ်။

သူငယ်ချင်း ကျောင်းသားများကိုပြောချင်တာက ဘယ်အရာမဆို စိတ်ဆန္ဒကြီးစွာနဲ့ ကြိုးစားရင် အောင်မြင်နိုင်ပါတယ်၊ပညာသင်နှစ်အစမှအဆုံးထိ မှန်မှန်ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ကျွန်တော်ငယ်စဉ်ကတည်းက ဆရာဝန်ဖြစ်ချင်တဲ့ရည်မှန်းချက်ရှိခဲ့ပါတယ်။ အဲဒါကြောင့် စာကိုစနစ်တကျနဲ့ အခြေခံကစပြီး လေ့လာခဲ့ပါတယ်။ အမှတ်စာရင်းထွက်လာပြီး ဆေးတက္ကသိုလ်ဝင်ရောက်ခွင့်ရမယ်ဆိုရင် တက်ရောက်သင်ကြားမှာဖြစ်ပါတယ်၊ ကျေးဇူးတင်ပါတယ်။

**မောင်ရှိုင်းထက်ဖြိုး (ငါးဘာသာဂုဏ်ထူးရှင်)**

ကျွန်တော်က ကျောင်းကုန်းမြို့နယ် ဘဝရွှေဆောင်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ငါးဘာသာဂုဏ်ထူးရှင် မောင်ရှိုင်းထက်ဖြိုးဖြစ်ပါတယ်။

ကျွန်တော့်ဖခင်က လယ်သမားတစ်ဦးဖြစ်ပြီး၊ မိခင်က ပညာရေးဌာနမှ အလယ်တန်းပြဆရာမတစ်ဦးဖြစ်ပါတယ်။ ကျွန်တော် အခုလို ငါးဘာသာဂုဏ်ထူးရရှိတာကလည်း ကြိုးစားမှုကြောင့်ပဲဖြစ်ပါတယ်။ မကြိုးစားဘဲနဲ့ ဘာမှမရပါဘူး။ အဓိက ကတော့ မိမိရဲ့အောင်မြင်ချင်တဲ့စိတ်၊ ဖြစ်ချင်တဲ့ဆန္ဒတွေ ရှိနေဖို့ပါ၊ ရည်မှန်းချက်ထားရပါမယ်။

အတန်းထဲမှာ ဘာသာရပ်အလိုက်ဆရာ ဆရာမများရဲ့ သင်ကြားမှုကို စိတ်ဝင်စားစွာ နားထောင်၊ မှတ်သား၊ လေ့လာရပါတယ်။ နားမလည်ပါက နားလည်အောင်ဆရာ ဆရာမများကို မရှက်မကြောက်မေးပါတယ်။ တစ်နေ့စာတစ်နေ့ပြီးအောင်ကျက်မှတ်ပါတယ်၊ သင်္ချာဘာသာကို အထပ်ထပ် ပြန်တွက်လေ့ကျင့်ပါတယ်၊ ဇီဝဗေဒကို ရေးကျက်ပါတယ်၊ အထူးသဖြင့် နေ့စဉ်သင်ခန်းစာများကို နေ့စဉ်ကျက်မှတ်လေ့လာတွက်ချက်သွားပါက လုံးဝအောင်မြင်မှာဖြစ်ကြောင်း ကျွန်တော် ကိုယ်တွေ့အရ ပြောနိုင်ပါတယ်။

ခုလို အောင်မြင်အောင် သင်ကြားပြသပေးပါသော ဆရာ ဆရာမများ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ညီငယ်၊ ညီမငယ်များကို အဓိကပြောချင်တာကတော့ စိုက်ပျိုးချိန်မှာ အလုပ်လုပ်မှ ရိတ်သိမ်းချိန်မှာ ဓိမ်ကျနိုင်မှာဖြစ်ပါတယ်၊ ကြိုးစားမှုရဲ့ရလဒ်က အောင်မြင် ခြင်းဖြစ်ပါတယ်။



မောင်ညီရဲထက်



မောင်ရှိုင်းထက်ဖြိုး

**သတင်းနှင့်ဓာတ်ပုံ-ဝင်းကြိုင်(ပြန်/ဆက်)**

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ကြည့်ရှုမှုမြင်ကွင်း



ဥတ္တရသီရိမြို့နယ်
ကျော်စွာဟိန်း(မြန်/ဆက်)



တပ်ကုန်းမြို့နယ်
တင်စိုးလွင်(မြန်/ဆက်)



မအီမြို့
မောင်မောင်ငွေး(မြန်/ဆက်)



ရေကြည်မြို့နယ်
မြို့နယ်(မြန်/ဆက်)



အုတ်တွင်းမြို့နယ်
ခင်ခင်မာ(မြန်/ဆက်)



ကန့်ဘလူမြို့နယ်
အောင်ဝင်းငြိမ်း(ကန့်ဘလူ)




မှော်ဘီမြို့နယ်
ညဏ်ဟိန်း



ငပုတောမြို့နယ်
မြို့နယ်(မြန်/ဆက်)



ကသာမြို့နယ်
ခရိုင်(မြန်/ဆက်)



ညောင်တုန်းမြို့နယ်
ထွန်းကျော်(ညောင်တုန်း)

# ၁၆-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောမည့်အကြောင်းအရာများမှာ(တစ်) PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်းဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ရခြင်းအခြေအနေ၊ (နှစ်)ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ (သုံး)တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်းနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များသာဖြစ်ကြောင်း၊ (တစ်)မှ (သုံး)အထိ မိမိအနေဖြင့် ရှင်းလင်းပြောပြသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်အပိုင်းကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ ထို့နောက် မေး၊ ဖြေ ကဏ္ဍဖြစ်ကြောင်း၊ မေးခွန်းများမေးသည့်အခါ စနစ်တကျဖြစ်စေရေး အခမ်းအနားမှူးက မီဒီယာအမည်အလိုက် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ မီဒီယာတစ်ခုလျှင် အချိန်ကန့်သတ်ချက်အရ မေးခွန်းတစ်ခုစီ မေးမြန်းပေးရန်ဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

### ဝါဒရေးရာမှိုင်းတိုက်

ပထမဦးဆုံးအနေဖြင့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်းဝင်ရောက်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်းအပေါ် ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံနေထိုင်သည့် နိုင်ငံဖြစ်ပြီး ညီညွတ်မှု အားနည်းခဲ့သည့်အတွက် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုသည် ပတ်ဝန်းကျင်နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်စာလျှင် နိုင်ငံတော်သည် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ထိခိုက်နစ်နာခဲ့ရပါကြောင်း၊ နိုင်ငံတော်က အကြမ်းဖက်အုပ်စုဟု သတ်မှတ်ထားသည့် CRPH နှင့် NUG တို့သည် နိုင်ငံတော်အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ပြီး စိတ်ဓာတ်တက်ကြွသည့်လူငယ်များကို ဝါဒရေးရာမှိုင်းတိုက်ပြီး အကြမ်းဖက်မှုကျူးလွန်စေရန်၊ နိုင်ငံတော်ကိုဆန့်ကျင်စေရန် ဆောင်ရွက်ခဲ့ကြောင်း၊ စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ အကြမ်းဖက်မှုများတွင် ပါဝင်ခဲ့ရပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်ရေး အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညီညွတ်ညွတ်နှင့် ပါဝင်ဆောင်ရွက်စေလိုသည့် ဆန္ဒရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့၏သတ်မှတ်စည်းကမ်းချက်များနှင့် ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်စေနိုင်ရေးအတွက် သား၊ သမီးချင်း ကိုယ်ချင်းစာစိတ်အရ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ တချို့သောမိဘပြည်သူများ၏ အစိုးရအပေါ် မေတ္တာရပ်ခံချက်များ၊ ရောက်ရှိဒေသများရှိဒေသခံတိုင်းရင်းသားများ၏ မေတ္တာရပ်ခံချက်များ၊ နိုင်ငံ့အကျိုးကို လိုလားသူများ၏ မျှော်လင့်ချက်ကြောင့်လည်း ပါဝင်ပါကြောင်း၊ လက်ရှိ မကွေးတိုင်းဒေသကြီး ငဖဲမြို့တွင် ၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၁ ဦးနှင့် ကျုံပျော်မြို့တွင် ၈ ဦး၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင် ၁၅ ဦး စုစုပေါင်း ၃၈ ဦး လက်ခံခဲ့ပြီးဖြစ်ကြောင်း၊ မနေ့ကအထိ လက်ခံပြီး PDF အမည်ခံ အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်များကို သိမြင်လာပြီး မိဘရင်ခွင်ကို ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ လက်ခံဆောင်ရွက်ပေးနေသည်ကို မီဒီယာများ တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ဆက်သွယ်မှုများပြုလုပ်နေသူများလည်းရှိပါကြောင်း၊ ဆက်လက်လက်ခံသွားမည် ဖြစ်ကြောင်း။

### ထွက်ပြေးတိမ်းရှောင်ခဲ့ကြ

အဆိုပါဖြစ်စဉ်မျိုးသည် ၁၉၈၈ ခုနှစ် တပ်မတော်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တာဝန်ယူစဉ်အခါကလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုအချိန်တွင် တပ်မတော်က နိုင်ငံတော်၏အာဏာအရပ်ရပ်ကို ရယူလိုက်သည့်အခါ အစိုးရနှင့် တပ်မတော်၏ စေတနာအမှန်ကို သံသယစိတ်နှင့် ယုံကြည်မှုမရှိဖြစ်လာအောင် သွေးထိုးလှုံ့ဆော်ခဲ့သည့်အတွက် ကျောင်းသားလူငယ်များသည် နယ်စပ်ဒေသကို အစုလိုက်အပြုံလိုက် ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါကြောင်း၊ ထွက်ပြေးတိမ်းရှောင်ရာ ဒေသတွင်ရှိသည့် ဒေသခံလက်နက်ကိုင်များ၊ အခြားအဖွဲ့အစည်းများထဲသို့ ရောက်သွားကြပြီး ၎င်းတို့ လူမှုဒုက္ခများနှင့်ရင်ဆိုင်နေရသည်ကို နီးစပ်ရာမိသားစု အသိုင်းအဝိုင်းများမှတစ်ဆင့် အစိုးရက ကြားသိခဲ့ရပါကြောင်း၊ ထို့ကြောင့် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၂၆ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း မေတ္တာရပ်ခံချက်ကို ထုတ်ပြန်ခဲ့ကြောင်း၊ နယ်စပ်ဒေသကို တိမ်းရှောင်သွားသည့် ကျောင်းသား ကျောင်းသူများ မိဘရပ်ထံ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူးတိုင်းတို့တွင်ရှိသည့် မြို့နယ် ၂၇ မြို့နယ်တွင် ကြိုဆိုရေးစခန်းများ ဖွင့်လှစ်ခဲ့ကြောင်း၊ ကြေညာသည့် ရက်ဖြစ်သည့် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၂၆ ရက်မှ ၁၉၈၉ ခုနှစ် မတ် ၇ ရက်အထိ ပြန်လည်ဝင်ရောက်လာသည့် ကျောင်းသားပေါင်း ၃,၃၅၄ ဦး၊ မိမိတို့၏အမှားကို မှားယွင်းသည့်လုပ်ရပ်ဟု သဘောပေါက်သိမြင်ပြီး လက်နက်ချအလင်းဝင်လာသည့် ကျောင်းသား ၅၀၅ဦး စုစုပေါင်း ၃,၈၅၉ ဦးရှိကြောင်း မှတ်တမ်းများအရ သိရှိရပါကြောင်း။

### ကမ်းလှမ်းကြိုဆိုနေ

မသမာသူများ၏ သွေးဆောင်ဖြားယောင်းမှုများကြောင့် ကျောင်းသားကျောင်းသူများ လမ်းမှားရောက်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးကြမည့်သူများ၊ တာဝန်ယူကြမည့် ခေါင်းဆောင်များဟု ယုံကြည်ထားမှုကြောင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါကာလတွင် လမ်းမှားရောက်၍ ပြန်လည်ဝင်ရောက်လာသူများသည် လက်ရှိ သက်ရှိထင်ရှားရှိသူများလည်းရှိပါကြောင်း၊ ကျောင်းသားလူငယ်များသည် ဖြူစင်ကြသူများဖြစ်ကြောင်း၊ နိုင်ငံအတွင်း ထူးခြားသည့် သမိုင်းကြောင်းကိစ္စရပ်များတွင် ကိုယ်ကျိုးရှာနိုင်ငံရေးသမားများက အစိုးရနှင့် အဆိုပါအစုအဖွဲ့များအကြား အထင်အမြင်လွဲမှားစေရေး ထိပ်တိုက်တွေ့စေရေးနည်းအမျိုးမျိုးနှင့် ဆောင်ရွက်ခဲ့ကြောင်း၊ နောက်ဆုံးတွင် နိုင်ငံရေးသမားများသည် ကျောင်းသားလူငယ်များကို အသုံးချသွားခဲ့ကြသည့်သူများချည်းသာ ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် လမ်းမှားရောက်နေသည့် လက်ရှိအသုံးချခံလူငယ်များကို ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ရန် ကမ်းလှမ်းကြိုဆိုနေရခြင်းဖြစ်ကြောင်း။

### တောင်းဆိုမှုများရရှိ

မိမိတို့အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် PDF ထဲရောက်သွားသူများကို ပြန်လည်လက်ခံရန် အဘယ်ကြောင့် စီစဉ်ရသနည်းဟု မီဒီယာများကရော အခြားလူမှုအဖွဲ့အစည်းများကပါ မေးမြန်းကြပါကြောင်း၊ အဓိကအချက်မှာ မိဘများကြောင့်ဖြစ်ကြောင်း၊ မိမိတို့၏ သား၊ သမီးများ၊ ညီအစ်ကိုမောင်နှမများ လမ်းမှားရောက်သွားလျှင် မည်သို့ခံစားရမည်၊ မည်သို့အဖမ်းခံရသည်၊ မည်သို့အပြစ်ပေးခံရသည်၊ ကယ်ပေးပါ စသည်ဖြင့် တောင်းဆိုမှုများလည်း ရရှိကြောင်း၊ နောက်တစ်ခုမှာ PDF များကို လက်ခံထားသည့် တချို့သော EAOs အဖွဲ့အစည်းများမှ အဖွဲ့ဝင်တချို့၏ ပြောကြားချက်များအရ ဖြစ်ပါကြောင်း၊ ၎င်းတို့နယ်မြေဒေသတွင် ယင်းတို့နှင့် ပတ်သက်ပြီး ဝန်ထုပ်ဝန်ပိုးဖြစ်နေသည့်အကြောင်း ပြောကြားလာမှုများလည်းရှိကြောင်း၊ ထို့ကြောင့် မိမိတို့ ပြန်လည် လက်ခံဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိဘများနေရာကဝင်ခံစားပြီး လက်ခံခြင်းဖြစ်သည်ကို သဘောပေါက်စေလိုကြောင်း၊ ယင်းကိစ္စများနှင့် ပတ်သက်ပြီး မိမိတို့ ယခုကဲ့သို့ပြောကြားလိုက်တိုင်း "ဒါမျိုးဖြစ်စဉ်မျိုးမရှိဘူး။ မိဘတွေကိုယ်တိုင်က ပြောတယ်ဆိုတာ လိမ်လည်နေတာ" စသည်ဖြင့် ပြောကြားမှုမျိုးများရှိနိုင်ပါကြောင်း။

ယခုရက်ပိုင်းအတွင်း ဖြစ်ခဲ့သည့် ဖြစ်စဉ်ကို ပြောကြားလိုပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် နယ်မြေတစ်နေရာ၌ ရဲဘော်ဆင်မကြီးဆိုသည့် PDF အဖွဲ့မှလူကို သတ်လိုက်သည့်အမှုကိစ္စဖြစ်ခဲ့ကြောင်း၊ ယင်းကိစ္စကို မဟုတ်ပါဘူးဟု ငြင်းလိုလျှင် ယခုပြသနေသည့်ပုံများသည် မိမိတို့ လုပ်ကြံဖန်တီးထားသည်များ မဟုတ်ကြောင်း၊ PDF များနှင့် တချို့သော EAOs အဖွဲ့အစည်းများမှ လူများကိုယ်တိုင် တင်ထားခြင်းဖြစ်ကြောင်း၊ ၎င်းကို မည်သည့်အတွက်ကြောင့် သတ်သည်၊ မည်သူကသတ်သည်ကို မေးခွန်းထုတ်လိုက်လျှင် အငြင်းပွားမှုများ ရပ်တန့်သွားမည်ဖြစ်ကြောင်း၊ ယင်းမှာ ဥပမာတစ်ခုကိုသာ ထုတ်ပြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လမ်းမှားရောက်နေသည့် လူငယ်လူရွယ်များအနေဖြင့် မိမိတို့အစိုးရက သားသမီးချင်း စာနာစိတ်၊ နိုင်ငံသူနိုင်ငံသားချင်း စာနာစိတ်ဖြင့် ယခုကဲ့သို့ ဖိတ်ခေါ်နေသည့်အချိန်သည် အချိန်ကောင်းဖြစ်၍ ပြန်လည်ဝင်ရောက်စေလိုကြောင်း၊ ဒီမိုကရေစီတွင် သဘောထားကွဲလွဲမှု အမျိုးမျိုးရှိနိုင်ကြောင်း၊ ယင်းကို နိုင်ငံရေးနည်းလမ်းအရ ဆွေးနွေးညှိနှိုင်းအဖြေရှာကြရန် ပြောကြားလိုကြောင်း ပြောကြားသည်။

### (၈)ကြိမ်ရှိပြီဖြစ်

ဆက်လက်ပြီး ဒုတိယအချက်အနေဖြင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့အနေဖြင့် သတင်းစာရှင်းလင်းပွဲ ဆောင်ရွက်ခဲ့ရာတွင် ငြိမ်းချမ်းရေးဆိုင်ရာနှင့် ပတ်သက်ပြီး ပြောကြားခဲ့သည်မှာ (၈)ကြိမ်ရှိပြီဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့နိုင်ငံအတွက် အရေးကြီး၍ဖြစ်ကြောင်း၊ တပ်မတော်နှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်အတွက်လည်း အာမခံထားပြီးဖြစ်ကြောင်း၊ အစိုးရက ဖော်ဆောင်နေသည့် ဒီမိုကရေစီဆိုသည်မှာလည်း တစ်ဒေသနှင့်တစ်ဒေသ၊ လူမျိုးတစ်ခုနှင့်တစ်ခုကြားထဲတွင် ညီမျှစွာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တူညီသည့်စနစ်ကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း။

ခေတ်အဆက်ဆက်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုဆောင်ရွက်ခဲ့ကြသည်ကို သမိုင်းမှတ်တမ်းတွင်တွေ့ရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကျိုးဆောင်နိုင်ရေးနှင့် မြှင့်တင်နိုင်ရေး ဆောင်ရွက်ခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီနှင့် EAO များ တိုက်ရိုက်ဆွေးနွေးခြင်း၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာအောင် ဆောင်ရွက်ခြင်း၊ NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို NCA လက်မှတ်ရေးထိုးနိုင်အောင် ရည်ရွယ်လျက်ပစ်ခတ်တိုက်ခိုက်မှု **စာမျက်နှာ ၁၁ သို့**

❍ စာမျက်နှာ ၁၀ မှ

လျော့နည်းလာစေရေးနှင့် နှစ်ဖက်သဘောတူညီချက်များရရှိရေး စသည့် လုပ်ငန်းစဉ်အလိုက် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်ဟု သတ်မှတ်ထားပြီး ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးက မျှော်လင့်တောင့်တနေသည့် ငြိမ်းချမ်းရေးအဆင့်တစ်ခုရောက်အောင် ဦးစီးဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်တွင် ပြောကြားခဲ့သည့် ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် မိန့်ခွန်းတွင် **"ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို မိမိကိုယ်တိုင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမယ်"** ဟု ပြောကြားခဲ့ပြီး ငြိမ်းချမ်းရေးတံခါးကို ပိုမိုဝင်ရောက်လာနိုင်စေရေး ဖွင့်လှစ်ပေးခဲ့ကြောင်း။

**ပထမဦးဆုံး စတင်ဆွေးနွေးခဲ့**

အစိုးရ၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းချက်အပေါ် NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့ ၇ ဖွဲ့၊ NCA လက်မှတ်မထိုးရသေးသည့် အဖွဲ့ ၃ ဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့က တက်ရောက်မည်ဟု ပြန်ကြားခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် မေ ၂၀ ရက်တွင် RCSS(SSA)အဖွဲ့ ဥက္ကဋ္ဌ စဝ်ယွက်ဆစ် ဦးဆောင်သည့်အဖွဲ့နှင့် ပထမဦးဆုံး စတင်ဆွေးနွေးခဲ့ကြောင်း၊ ယင်းအဖွဲ့သည် အစိုးရက ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းရာတွင် ပထမဦးစွာ အပြုသဘော လက်ခံကြေညာချက် ထုတ်ခဲ့သည့် အဖွဲ့ထဲကတစ်ဖွဲ့ဖြစ်ကြောင်းကို အသိအမှတ်ပြုပြောကြားလိုပါကြောင်း၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် သွားနိုင်မည့်လမ်း၊ လုပ်နိုင်မည့်နည်းလမ်း၊ အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မည့်အပေါ် ဆွေးနွေးခဲ့ကြသကဲ့သို့ ဒေသခံများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု အခက်အခဲအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အချိန်ဇယား(Time Frame)ကို စနစ်တကျရေးဆွဲဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း၊ မွန်ပြည်သစ်ပါတီ(NMSP)နှင့် ဆွေးနွေးရာတွင် ဖက်ဒရယ်နှင့်ဆိုင်သည့်မူများ၊ ပြည်နယ်ဖွဲ့စည်းပုံဆိုင်ရာကိစ္စ၊ ဒေသလုံခြုံရေး၊ တိုင်းရင်းသားဒေသပညာရေးစနစ်၊ တိုင်းပြည်တည်ငြိမ်ရေး လမ်းကြောင်းအပေါ် အထောက်အကူပြုနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်သည် အဓိကလိုအပ်သည့်အတွက် တစ်နိုင်ငံလုံး တိုင်းရင်းသားဒေသများပါမကျန် ပညာရည်မြှင့်တင်ရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကော်မတီ)KNU/KNLA(PC)နှင့် တွေ့ဆုံရာတွင် ငြိမ်းချမ်းရေးရရှိမှသာလျှင် နိုင်ငံတည်ဆောက်ရေး(State Building)၊ တိုင်းပြည်တည်ဆောက်ရေး (Nation Building)ကို ပိုမိုသွက်လက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မိမိတိုင်းရင်းသား၊ မိမိပြည်နယ်နှင့် မိမိတိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်စဉ်းစားဆောင်ရွက်ရန် လိုသည့်အခြေအနေများကို လည်းကောင်း၊ "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP နှင့် ငြိမ်းချမ်းမှုရှိမှသာလျှင် ဒေသတည်ဆောက်ရေး၊ တိုင်းပြည်တည်ဆောက်ရေးကို ပိုမိုသွက်လက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် တိုင်းပြည်၏လိုအပ်ချက်၊ ဒေသခံတိုင်းရင်းသားတို့၏ လိုအပ်ချက်များ၊ ပြည်သူလူထု ဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ဇွန် ၄ ရက်တွင် နိုင်ငံတော်အကြီးအကဲနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆောင်ရွက်နေချိန်တွင်လည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့တွင် ရပ်တန့်နေ၍မရဘဲ စဉ်ဆက်မပြတ်တိုးတက်မှုရှိအောင် ဆောင်ရွက်နေရမည်ဖြစ်သည့် အခြေအနေ၊ မိမိတို့အနေဖြင့် တိုင်းပြည်၏အနာဂတ် မျိုးဆက်သစ်များကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို လက်ဆင့်ကမ်းနိုင်ရေး ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည့် အခြေအနေများအပြင် NDAA (မိုင်းလား) အဖွဲ့အနေဖြင့် နိုင်ငံတော်မှခွဲမထွက်ဘဲ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို စွဲမြဲစွာ ထိန်းသိမ်းလိုက်နာလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ဇွန် ၁၃ ရက်တွင်လည်း ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)နှင့် တွေ့ဆုံခဲ့ကြောင်း၊ ပထမဆုံး ထုတ်ပြန်ချက်ထုတ်ပြန်ခဲ့သည့်အဖွဲ့ဖြစ်သည့်အခြေအနေ၊ နိုင်ငံတော်တွင် ခေတ်အဆက်ဆက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တောင်းဆိုချက်များ၊ အမှန်တကယ်ဖြစ်နိုင်ဖွယ်ရှိသည်များ စသည့် အချက်များကို ဆွေးနွေးခဲ့ကြပါကြောင်း၊ ယနေ့တွင် PNLO အဖွဲ့နှင့် ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်အဖွဲ့များနှင့်လည်း ထပ်မံဆွေးနွေးသွားမည်ဖြစ်ကြောင်း။


စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စော်ဘွားအင်းရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ(၄-၆-၂၀၂၂)

**ကမ်းလှမ်းထား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ဦးစီးအဖွဲ့ဝင်များနှင့် ဆွေးနွေးပွဲတက်ရောက်လာခဲ့ကြသည့် အဖွဲ့အသီးသီးသည် ထပ်မံဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲသဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ဆွေးနွေးရန်ကျန်ရှိသည့် တိုင်းရင်းသား EAO အဖွဲ့ ၃ ဖွဲ့နှင့်လည်း ဆက်လက်တွေ့ဆုံဆွေးနွေးသွားရန်ရှိကြောင်းကို ပြောကြားလိုကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တိုင်းပြည်အကျိုး၊ ဒေသအကျိုးအတွက် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်နိုင်ရန် ယခင်ဖိတ်ခေါ် ကမ်းလှမ်းချက်များအတိုင်း ၂၀၂၂ ခုနှစ် ဇွန် ၁၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့အနေဖြင့် ထပ်မံ၍ဖိတ်ခေါ်ခဲ့ကြောင်း၊ ထပ်မံဖိတ်ခေါ်ချက်အပေါ် တက်ရောက်ဆွေးနွေးမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးမှ ဥက္ကဋ္ဌ(သို့မဟုတ်) ဥက္ကဋ္ဌကိုယ်စား အဆုံးအဖြတ်ပေးနိုင်မည့် ခေါင်းဆောင်နှင့် အဖွဲ့ဝင် ၂ ဦး၏အမည်စာရင်းကို ဇွန် ၃၀ ရက် နောက်ဆုံးထား ပြန်ကြားပေးစေရန် ကမ်းလှမ်းထားပါကြောင်း။

**နိုင်ငံတော်၏ အကျိုးကိုကြည့်**

NCA အရရေးဆွဲထားသည့် နိုင်ငံရေးဆွေးနွေးမှုမူဘောင်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ စသည့်အစုအဖွဲ့အသီးသီးမှ ပါဝင်သည့်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို ကျင်းပရမည်ဖြစ်ကြောင်း၊ အချို့တိုင်းရင်းသားလက်နက်ကိုင်များ ပြောဆိုသကဲ့သို့ မီဒီယာများလှုံ့ဆော်နေသကဲ့သို့၊ လက်ရှိအနေအထားအရ နိုင်ငံရေးအခင်းအကျင်း အစုအဖွဲ့ စုံလင်မှုမရှိကြောင်း ပြောနေကြသည်များရှိပါကြောင်း၊ လက်ရှိတွင် မိမိတို့သည် တပ်မတော်အနေနှင့်ရော အစိုးရအနေနှင့်ပါ ဆွေးနွေးနေခြင်းဖြစ်ပြီး ဆွေးနွေးချက်များထဲတွင် ဖြစ်ချင်သည်ကို ဆွေးနွေးကြပြီး ဖြစ်သင့်သည်များကို ပြောဆိုညှိနှိုင်းခဲ့ကြကြောင်း၊ လက်ရှိငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးချက်များသည် လွှတ်တော်တင်ပြပြီး ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်များလည်းရှိပါကြောင်း၊ လွှတ်တော်ပေါ်ပေါက်လာလျှင်လည်း လက်ရှိဆွေးနွေးနေသော နိုင်ငံရေးပါတီများ အစုအဖွဲ့များကပင် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်လာမည်ဖြစ်ပြီး တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့လည်းပါပြီးဖြစ်ကြောင်း၊ အချို့သောအကြောင်းအရာများသည် ပြင်ဆင်သင့်၊ ပြင်ဆင်ရမည့်ကိစ္စရပ်များရှိလာလျှင် မည်သည့်အဖွဲ့အစည်းက အဓိကကျသည်၊ မည်သည့်အဖွဲ့အစည်းနှင့် ညှိနှိုင်းရမည်ဆိုသည့် အချက်များကို အခြေခံဥပဒေကို လေ့လာထားသူတိုင်း သိရှိပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကြိုတင်ဆွေးနွေးနေခြင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေထက် ကောင်းသည့်နည်းလမ်း၊ အခွင့်အခါသင့်သည့် အချိန်ရှိမည်မဟုတ်ကြောင်းကို ပြောကြားလိုကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများနှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတိုင်းရင်းသားလူမျိုးများ၏ အကျိုး၊ မိမိဒေသ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကိုကြည့်ပြီး ဆောင်ရွက်သင့်သည်ဟု မိမိအနေဖြင့် တိုက်တွန်းလိုကြောင်း။

**ညီညွတ်ရေးရနိုင်မည်**

ငြိမ်းချမ်းရေးအတွက် အတူတကွဆောင်ရွက်ရမည့် နည်းလမ်းမှာ ညီညွတ်ခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ကောင်းကျိုးကိုလိုလားခြင်း၊ ကောင်းကျိုးကို ဆောင်ရွက်နိုင်ခြင်းတို့သာဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်မှသာလျှင် ညီညွတ်ရေးရနိုင်မည်ဖြစ်ကြောင်း၊ ညီညွတ်ရေးနည်းလမ်းသာလျှင် ငြိမ်းချမ်းရေးနည်းလမ်း ဖြစ်ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးတည်ဆောက်မှုရလိုလျှင် မိမိတို့နိုင်ငံသားအားလုံး ညီညွတ်ရေးကို ဦးစွာတည်ဆောက်ရမည်ဖြစ်ကြောင်း၊ **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူများ၏ အားသည် အဓိကကျသည့် အခန်းကဏ္ဍတွင်ပါဝင်ပြီး ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဟု နိုင်ငံတော်အကြီးအကဲက ပြောခဲ့ကြောင်း၊ ယင်းကို မိမိတို့ အလေးအနက်ခံယူပါကြောင်း၊ ပြင်ပက ဆောင်ရွက်ချက်များ၊ ပြင်ပကလာသည်များသည် အားဖြည့်အကူအညီများသာ ဖြစ်ကြောင်း၊ တိုင်းပြည်တစ်ပြည်၏ အဓိကအင်အား အစစ်အမှန်သည် ပြည်တွင်းတွင်သာရှိကြောင်း အလေးအနက်ခံယူပြီး ပြည့်အင်အားကို တည်ဆောက်နိုင်မည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တတိယအချက်အနေဖြင့် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်းနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို တင်ပြလိုပါကြောင်း။

**တာဝန်မှကင်းကွာခဲ့ရ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ အနာဂတ်ခေါင်းဆောင်များဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် ပညာသင်ကြားရေးအတွေ့အကြုံရင့်ကျက်သည့် ဆရာဆရာမများ၏ အခန်းကဏ္ဍသည်လည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ပညာရေးတာဝန်များထမ်းဆောင်မှုအပေါ် နိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် CDM လုပ်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုများရှိခြင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့ခြင်းများကြောင့် စိုးရိမ်ကြောင့်ကျမှုများဖြစ်ပေါ်လာကာ တာဝန်မှကင်းကွာခဲ့ရပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ၎င်းတို့၏ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်း၊ မြို့နယ်ပညာရေးမှူးရုံးသို့ သတ်မှတ်ပုံစံဖြည့်ပြီး အယူခံလွှာတင်သွင်း သတင်းပို့ကြရန် အသိပေးကြေညာထားပါကြောင်း၊ မိမိတို့ မေ ၃၁ ရက်အထိ ကနဦးလက်ခံမည်ဖြစ်သည့်အတွက် လက်ခံသတင်းပို့ကြရန် ထုတ်ပြန်ထားသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသောအခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို ၂၀၂၂ ခုနှစ် ဇွန် ၁၄ ရက်အထိ ထပ်မံ၍တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း၊ ဇွန် ၁၄ ရက်အထိ အထက်တန်းပြ ၃၇၉ ဦး၊ အလယ်တန်းပြ ၁၀၀၅ ဦး၊ မူလတန်းပြ ၇၇၂ ဦး စုစုပေါင်း ၂၁၅၆ ဦး စာရင်းပေးထားပြီး လက်ခံဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လက်ခံသွားမည်ဖြစ်ကြောင်း။

(ဆက်လက်ဖော်ပြပါမည်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၃၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၀၇,၀၄၅) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၄၇၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၄၈၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှအသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၇-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၆၆) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၉၆) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၃၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၅၅၀) ခု | (၃) ဦး |
| **စုစုပေါင်း** | **(၅,၄၃၈) ခု** | **(၇) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/ သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၇၈၆၁၁၃၂ | ၈၃၆၁၁၆၁၃ | ၁၀၃၇၉၂၈ |
| ၂။ | အိန္ဒိယ | ၄၃၂၇၀၅၇၇ | ၄၂၆၈၂၆၉၇ | ၅၂၄၈၁၇ |
| ၃။ | ဘရာဇီး | ၃၁၆၄၄၇၀၃ | ၃၀၃၁၀၇၇၂ | ၆၆၈၈၉၂ |
| ၄။ | ပြင်သစ် | ၃၀၀၂၈၈၅၃ | ၂၉၂၉၀၄၂၀ | ၁၄၈၉၉၆ |
| ၅။ | ဂျာမနီ | ၂၇၀၉၅၉၈၈ | ၂၆၁၃၂၁၀၀ | ၁၄၀၂၉၂ |
| ၆။ | ဗြိတိန် | ၂၂၄၆၀၄၄၉ | ၂၂၀၆၅၃၅၀ | ၁၇၉၄၇၂ |
| ၇။ | ရုရှား | ၁၈၃၉၁၇၉၇ | ၁၇၈၁၅၀၂၄ | ၃၈၀၃၃၃ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၆၃၆၄၃ | ၁၈၀၆၂၀၅၅ | ၂၄၄၁၆ |
| ၉။ | အီတလီ | ၁၇၇၇၃၇၆၄ | ၁၇၀၀၅၃၆၆ | ၁၆၇၆၁၇ |
| ၁၀။ | တူရကီ | ၁၅၀၈၅၇၄၂ | ၁၄၉၈၃၄၀ | ၉၈၉၉၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၃၄၉၂၅ | ၉၅၈၃၁၀၅ | ၄၃၀၈၃ |
| ၂။ | အင်ဒိုနီးရှား | ၆၀၆၅၆၄၄ | ၅၉၀၁၆၃၉ | ၁၅၆၆၇၉ |
| ၃။ | မလေးရှား | ၄၅၃၄၆၆၅ | ၄၄၇၄၃၅၈ | ၃၅၇၃၀ |
| ၄။ | ထိုင်း | ၄၄၉၄၈၈၀ | ၄၄၄၃၄၂၈ | ၃၀၄၂၅ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၅၀၆၈ | ၃၆၃၀၇၇၂ | ၆၀၄၆၇ |
| ၆။ | စင်ကာပူ | ၁၃၅၅၈၀၁ | ၁၂၇၁၈၄၁ | ၁၄၀၁ |
| ၇။ | မြန်မာ | ၆၁၃၄၇၄ | ၅၉၂၄၈၀ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၁၇၃ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၅၅၇၉၃ | ၁၅၂၀၁၈ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Posco International Corporation (Myanmar E&P) ကုမ္ပဏီသည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းတွင် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသင့်စောင့်ဆိုင်းလျက်ရှိသော ရေယာဉ်များ ခေတ္တရပ်နားနိုင်ရန်အတွက် (Temporary Remote Mooring Buoy) ရွှေ့လျားဖော်ယာချထားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Mooring Buoy မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၂၅.၇၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၇ မိနစ် ၂၉.၅၀ စက္ကန့်အတွင်းတွင် ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းတွင် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသင့်စောင့်ဆိုင်းလျက်ရှိသော ရေယာဉ်များ ခေတ္တရပ်နားနိုင်ရန်အတွက် (Temporary Remote Mooring Buoy) ရွှေ့လျားဖော်ယာချထားမည့် တည်နေရာမှ (၄) ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

## မြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဇွန် ၁၇

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကသာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေး အခြေခံလူဦးရေစာရင်း မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကြည့်ရှု

**နေပြည်တော် ဇွန် ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းကျောင်းတွင် အခြေပြုဆောင်ရွက်လျက်ရှိသည့် မဲဆန္ဒရှင်စာရင်း အခြေခံလူဦးရေစာရင်း မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ မှာကြားသည်။

**စစ်ဆေးလျက်ရှိ**

အဆိုပါအခြေခံလူဦးရေစာရင်း မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းကို ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ဒေသများမှ ထုတ်နုတ်ဝန်ထမ်းအင်အား ၄၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ထုတ်နုတ်ဝန်ထမ်းအင်အား ၃၃ ဦး၊ ပေါင်းဝန်ထမ်း ၇၅ ဦးဖြင့် မှော်ဘီ၊ တိုက်ကြီး၊ မင်္ဂလာဒုံမြို့နယ်များ၏ မဲစာရင်းအခြေခံလူဦးရေစာရင်းများကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး သုဝဏ္ဏလူငယ် လေ့ကျင့်ရေးစင်တာတွင် ဆောင်ရွက်လျက်ရှိသည့် မဲဆန္ဒရှင်စာရင်းအခြေခံလူဦးရေစာရင်း မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များမှာကြားသည်။

အဆိုပါအခြေခံလူဦးရေစာရင်း မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းကို ပြည်ထောင်စုနယ်မြေမှ ထုတ်နုတ်ဝန်ထမ်းအင်အား ၆၀၊ ရန်ကုန်တိုင်းဒေသကြီးမှ ထုတ်နုတ်ဝန်ထမ်းအင်အား ၅၁ ဦး၊ ပေါင်းဝန်ထမ်း



၁၁၁ ဦးဖြင့် အခြေပြုဆောင်ရွက်လျက်ရှိကြောင်းနှင့် လက်ရှိရွှေပြည်သာနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်များ၏မဲစာရင်းအခြေခံ လူဦးရေစာရင်းများကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ဝန်ထမ်းအဖွဲ့အစည်းဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၄)နှင့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၇)တို့၏ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၁၇**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူးစီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ်(၄)နှင့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၇)တို့၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကေတုမတီခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ် ဦးဇော်ဇော်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ တက္ကသိုလ်သင်ကြားရေး/စီမံဌာနများမှ ပါမောက္ခ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်က အဆင့်မြင့်အရာရှိကြီးအားလုံးသည် ဝန်ကြီးဌာန/အဖွဲ့အစည်းအသီးသီး၌ အဓိကကျသော အခန်းကဏ္ဍတွင် တာဝန်ယူဆောင်ရွက်နေသောသူများဖြစ်သဖြင့် တစ်ဦးချင်းအလိုက် မိမိတို့ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကိုသိရှိပြီး ကျွမ်းကျင်ပိုင်နိုင်စွာ လက်တွေ့အကောင်အထည်ဖော်နိုင်ကြရန် လိုအပ်ကြောင်း။

အဆင့်မြင့်အရာရှိကြီးများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ရောက်ရှိပြီး အလုပ်တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ လေ့ကျင့်သင်ကြားပေးလိုက်သည့် ပညာရပ်ဆိုင်ရာများကို လက်တွေ့နယ်ပယ်တွင် မှန်မှန်ကန်ကန် ထိထိရောက်ရောက် အသုံးပြုဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ " ဝန်ထမ်း " များသည် နိုင်ငံတော်နှင့် ပြည်သူအတွက် "မောင်းနှင်အား" ဖြစ်ပြီး နိုင်ငံအတွက် အမြဲတမ်းအဆင်သင့်ရှိနေသည့် အခိုင်မာဆုံးသော Institution တစ်ခု ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းကောင်းများအနေဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို ထာဝရစောင့်ရှောက်ကာကွယ်ရမည်ဖြစ်သလို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏သက်ဆိုင်ရာတာဝန်များကို ကျေပွန်စွာ လက်ဆင့်ကမ်း သယ်ပိုးထမ်းဆောင်သွားကြရန်နှင့် ပြည်သူတို့၏ ယုံကြည်အားထားရသော ဝန်ထမ်းကောင်းများ ဖြစ်ကြရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားပြီး သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၄)သို့ သင်တန်းသား ၁၅ ဦး၊ သင်တန်းသူ လေးဦး၊ စုစုပေါင်း ၁၉ ဦးနှင့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၇)သို့ သင်တန်းသား ၂၄ ဦး၊ သင်တန်းသူ ၁၉ ဦး၊ စုစုပေါင်း ၄၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၅ ရက်မှ ဇွန် ၁၇ ရက်အထိ ရက်သတ္တ ရှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၇**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဝင်းဗိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီး ဒေါ်မေခင်သိန်းနှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ပညာရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီး မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ သက်ဆိုင်ရာ ပါမောက္ခ/ကထိကဌာနမှူးများက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က သူနာပြုပါရဂူဘွဲ့ သင်တန်းသူ ရှစ်ဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ သင်တန်းသား သင်တန်းသူ ၄၃ ဦး၊ ဆေးဝါးမဟာသိပ္ပံဘွဲ့ သင်တန်းသား ရှစ်ဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့ သင်တန်းသား ၁၈ ဦး၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာသင်တန်းသား သင်တန်းသူ ၇၂ ဦး၊ ဆေးဘက်ဆိုင်ရာ အသံလွှင့်လှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာ သင်တန်းသား ခြောက်ဦး၊ အထူးကြပ်မတ်သူနာပြုစုမှု ဒီပလိုမာ သင်တန်းသား သင်တန်းသူ ရှစ်ဦးနှင့် ခွဲစိတ်ခန်းသူနာပြုစုမှု ဒီပလိုမာ သင်တန်းသား သင်တန်းသူ ၃၀ တို့အား ဘွဲ့များအပ်နှင်းကာ ဘွဲ့ရသူများအား ကျောင်းအုပ်ကြီးက ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်းကြေညာကာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၁၇**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် (၅)ပေမှ (၈)ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ တရားစွဲဆိုခံရသည့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင် အပေါ် အမိန့်ချမှတ်

နေပြည်တော် ဇွန် ၁၇

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်သည် နိုင်ငံရေး ရာထူး လက်ရှိဖြစ်ခဲ့စဉ်က မန္တလေးတိုင်းဒေသကြီးအတွင်း မြို့သစ်စီမံကိန်းဧရိယာနှင့် ဆက်စပ်သည့် လယ်ယာမြေများကို အခြားနည်းသုံးစွဲခွင့်ရရှိရေးနှင့် စီမံကိန်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရေးတို့အတွက် ဆောင်ရွက်ရသည့် ဆက်စပ်ကုမ္ပဏီတစ်ခုမှ ပေးအပ်သည့် စုစုပေါင်း ထိုင်းဘတ်ငွေ သုံးသိန်း၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကို လုပ်ကိုင်ဆောင်ရွက်နေသောကုမ္ပဏီတစ်ခုက ပေးအပ်သည့် စုစုပေါင်း ငွေကျပ် သိန်း ၆၅၀၊ လုပ်ငန်းရှင်တစ်ဦးကပေးအပ်သည့် အမေရိကန်ဒေါ်လာ တစ်သိန်းတို့ကို တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ခြင်း၊ ၂၀၁၉ ခုနှစ်အတွင်း မြင်းခြံခရိုင်/မြို့နယ် NLD ပါတီရုံးအတွက် နိုင်ငံတော်အစိုးရက စီမံခန့်ခွဲခွင့်ရှိသည့် မြေနေရာ သုည ဒသမ ၀၁၇၁ ဧက နှင့် ပြင်ဦးလွင်မြို့နယ် NLD ပါတီရုံး အတွက် မြေနေရာ သုည ဒသမ ၁၇၂ ဧကတို့ကို တည်ဆဲဥပဒေစည်းမျဉ်းများကို ဖောက်ဖျက်၍ ချထားပေးခဲ့သည့်အတွက် နိုင်ငံတော်မှ ငွေကျပ်သိန်း ၃၄၃၀ ကျော် နစ်နာဆုံးရှုံးစေခဲ့ခြင်းတို့ကြောင့် ဝန်ကြီးချုပ်ဟောင်းဒေါက်တာဇော်မြင့်မောင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ ၂၀၂၁ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၆/၂၀၂၁ မှ ၁၀/၂၀၂၁ အထိ အမှုငါးမှုဖြင့် လက်ခံစစ်ဆေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ ပြစ်မှုထင်ရှားစီရင်ပြီး ယနေ့တွင် အမှုငါးမှုအတွက် ထောင်ဒဏ် ၂၁ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့် အဂတိလိုက်စားကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးစဉ် အထောက်အထားမပြနိုင်သော မြန်မာငွေကျပ်သိန်း ၉၀၀၀ ကျော်၊ အမေရိကန်ဒေါ်လာ နှစ်သောင်း၊ ထိုင်းဘတ်ငွေငါးသိန်းတို့ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ် ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်း ချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm



## စစ်တွေမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲပြုလုပ်

စစ်တွေ ဇွန် ၁၇

ရခိုင်ပြည်နယ်အတွင်း ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ပြည်နယ်အသိပညာပေးရေး ဆပ်ကော်မတီမှ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် အမှတ် (၅)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံးတို့ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို နည်းပညာတက္ကသိုလ် (စစ်တွေ)၊ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)နှင့် စစ်တွေတက္ကသိုလ်တို့၌ ယနေ့နံနက်ပိုင်းမှစ၍ ကျင်းပသည်။

**အသိပညာပေး**

အသိပညာပေးဟောပြောပွဲများတွင် ရခိုင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကံညွန့်က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ရည်ရွယ်ချက်များ၊ ယာဉ်မောင်းလိုင်စင်ပြုလုပ်ပုံအဆင့်ဆင့်၊ မော်တော်ယာဉ်တွင် သတ်မှတ်ထားသော နံပါတ်ပြားများအကြောင်းကိုလည်းကောင်း၊ အမှတ် (၅) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်ကြီးက မော်တော်ယာဉ်ဥပဒေနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများကိုလည်းကောင်း၊ စစ်ဆေးရေးမှူးဦးလှမြင့်သိန်းက မော်တော်ယာဉ်မောင်းနှင်ရာတွင် လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်များကိုလည်းကောင်း အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

**တက်ရောက်**

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲများသို့ နည်းပညာတက္ကသိုလ်(စစ်တွေ)၊ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)နှင့် စစ်တွေတက္ကသိုလ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၇၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



နေမျိုးမြင့်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၇

မြိတ်မြို့နယ်၊ ဝေါမြို့နယ်နှင့် မိုင်းဆတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၆ ရက် ညနေ ၃ နာရီခွဲတွင် မြိတ်မြို့နယ် ကလွင်ကျေးရွာနေ ပိုင်ပိုင်ဦး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိရဘဲ ဝေဇင်(ခ)နောင်ကိုင်းနှင့် ရန်နိုင်ဦးတို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀၀ ကိုလည်းကောင်း။

အလားတူ ဇွန် ၁၅ ရက် ညနေ ၆ နာရီ ၁၀ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဝေါမြို့နယ် ကမ်းကြီးဆိပ်ကျေးရွာရှိ စစ်တောင်းတံတားထိပ်၌ နေမျိုးမြင့် မောင်းနှင်လာသော Suzuki Ertiga အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၅၈၀၀ နှင့် မြန်မာငွေကျပ် ၃ ဒသမ ၂ သိန်းတို့ကိုလည်းကောင်း၊ ထို့အတူ ဇွန် ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မယ်ပုလုံကျေးရွာအုပ်စု ပါဘောကျေးရွာအနီးရှိ မိုင်းဆတ်-တာချီလိတ် သွားကားလမ်းတွင် လော်ဆာမောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် သုည ဒသမ ၀၀၇ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် အဆိုပါနေရာ၌ အိုက်တူးမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ အိုက်စ်၂ဒသမ၀၀၅ကီလိုကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့၌ အကြမ်းဖက်သမားများက လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၊ အကြမ်းဖက်အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး တစ်ဦးသေဆုံးကာ ကိုးလအရွယ် အပြစ်မဲ့မိန်းကလေးတစ်ဦး စိုးရိမ်ရဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်နှင့် ကျောက်တန်းမြို့နယ်၌ ဇွန် ၁၆ ရက်တွင် အကြမ်းဖက်သမားများက အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ရန် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အကြမ်းဖက်သူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးကာ ကိုးလအရွယ် အပြစ်မဲ့ မိန်းကလေးငယ်တစ်ဦး စိုးရိမ်ရဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွန့်လမ်းပေါ်၌ အကြမ်းဖက်သမားနှစ်ဦး လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အကြမ်းဖက်သမားတစ်ဦး သေဆုံးမှု မှတ်တမ်းဓာတ်ပုံ။



ကျောက်တန်းမြို့နယ်၌ နေအိမ်ခန်းအတွင်း လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အကြမ်းဖက်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးသေဆုံးကာ ကိုးလအရွယ် အပြစ်မဲ့ မိန်းကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။

## ပေါက်ကွဲမှုဖြစ်ပွား

ဖြစ်စဉ်မှာ ဇွန် ၁၆ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွန့်လမ်း အမှတ်(၇၆)အရှေ့ လမ်းဘေးပလက်ဖောင်းပေါ်၌ ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာများရရှိထားပြီး ကျန်အမျိုးသားတစ်ဦးမှာ ထိခိုက်ဒဏ်ရာများဖြင့် ထွက်ပြေးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါနေရာ၌ အမျိုးသားတစ်ဦးအား မျက်နှာ၊ ဝဲ/ယာ လက်နှင့် ခြေထောက်တို့၌ စုတ်ပြဲကြေမွဒဏ်ရာများဖြင့် တွေ့ရှိရပြီး ၎င်းအနီးမှ ပေါက်ကွဲထားသည့် လက်လုပ်မိုင်းအပိုင်းအစများကို တွေ့ရှိရသည်။ အဆိုပါ ဒဏ်ရာရရှိသူ အမျိုးသားအား ဆေးကုသမှု ခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုပေးနေစဉ် သေဆုံးသွားကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်စဉ်အားစိစစ်ခဲ့ရာ သေဆုံးခဲ့သည့် အကြမ်းဖက်သမား တစ်ဦးသည် အခြားအကြမ်းဖက်သမားတစ်ဦးနှင့်အတူ ဗိုလ်ရာညွန့်လမ်းအတိုင်း တောင်ဘက်မှ မြောက်ဘက်သို့ လမ်းလျှောက်လာပြီး အခင်းဖြစ်နေရာအရောက်၌ လက်လုပ်မိုင်းတစ်လုံးကို တပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး အကြမ်းဖက်သမား တစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသဖြင့် ထွက်ပြေးသွားသည့် အကြမ်းဖက်သမားတစ်ဦးအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ဇွန် ၁၆ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ကျောက်တန်းမြို့ ရွှေကုန်းရပ်ကွက်ရှိ အခန်းငှားရမ်းထားရှိသည့် ခြောက်ခန်းတွဲအဆောင်မှ အခန်းအမှတ်(၆)၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါ အခန်းတွင် ငှားရမ်းနေထိုင်လျက်ရှိသည့် ဒေါ်နှင်းကြည်(၅၈)နှစ် (ဘ) ဦးချိုကေနှင့် ၎င်း၏သားဖြစ်သူ ပြည့်ဝကျော် (၂၁)နှစ် (ဘ) ဦးအောင်ကြိုင်တို့နှစ်ဦးကို ခန္ဓာကိုယ်အနှံ့ ပေါက်ကွဲစထိမှန်ဒဏ်ရာများ၊ ခေါင်း၊ လက်နှင့်ခြေထောက်တို့ပြတ်ကာ သေဆုံးနေသည်ကို တွေ့ရှိရပြီး ၎င်းတို့အခန်းနှင့်ကပ်လျက်ရှိသည့် အခန်း(၅)၌ နေထိုင်သူ ဦးပြည့်ဖြိုးဝင်း၏ သမီးဖြစ်သူ ကိုးလအရွယ် မရွှေယမင်းဦး၏ ဦးခေါင်း၌ ပေါက်ကွဲစထိမှန်ဒဏ်ရာများ (စိုးရိမ်ရ)ရရှိထားသည်ကို တွေ့ရှိရသည်။ အဆိုပါ ကလေးငယ်အား ဆေးကုသမှုခံယူနိုင်ရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ စိစစ်ခဲ့ရာ ထိခိုက်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည့် ပြည့်ဝကျော်သည် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အခင်းဖြစ်နေအိမ်သို့ တစ်ခါတစ်ရံမှ လာရောက်နေထိုင်သူဖြစ်ကြောင်း၊ အခန်းအတွင်း၌ ၎င်း၏မိခင်ဖြစ်သူနှင့်အတူ လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှု ဖြစ်ပွား၍ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

## လျှို့ဝှက်စွာ သတင်းပေးပို့

ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုလုပ်ရပ်များကြောင့် ၎င်းတို့ကိုယ်တိုင် ထိခိုက်သေဆုံးခဲ့ရသည့်အပြင် အပြစ်မဲ့ကလေးငယ်များပါ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အဆိုပါ အကြမ်းဖက်မှုလုပ်ရပ်များတွင် ပူးပေါင်းပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ကြိုးကိုင်စေခိုင်းသူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း မိမိမြို့ရွာတည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှု၊ သွားလာမှုသတင်းများ သိရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်စွာ သတင်းပေးပို့ပေးပါရန် အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

## ○ မြို့နယ်အချို့၌မှ

အကြမ်းဖက်သမား ၂၀ ခန့်က ဝင်ရောက်မီးရှို့ဖျက်ဆီးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများမှာ စာသင်ကျောင်း၏ အရှေ့မြောက်ဘက်ရှိ လျှိုအတွင်းသို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ကျောင်းဝင်းအတွင်း မီးလောင်နေသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မိနစ် ၃၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ကျောင်းရုံးခန်း တစ်ခန်း၊ စတိုခန်း တစ်ခန်း၊ မှန်တစ်ချပ်၊ ပရင်တာတစ်လုံး၊ မိတ္တူကူးစက် တစ်လုံး၊ ကော်ဇော ခြောက်ချပ်၊ ဗလာစာအုပ်များ၊ မိုးကာလိပ်နှင့် စာရွက်စာတမ်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

## လက်လုပ်မိုင်းနှစ်လုံး

အလားတူ ဇွန် ၁၆ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် မေဓာဝီလမ်းရှိ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းအရှေ့၌ မသင်္ကာဖွယ် အထုပ်တစ်ထုပ်တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းဝင်ပေါက်အနီးတွေ့ရသည့် မသင်္ကာဖွယ်အထုပ်အတွင်းမှ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းနှစ်လုံးအား Keypad ဖုန်းတစ်လုံး၊ ဓာတ်ခဲတစ်လုံးတို့ဖြင့် ချိတ်ဆက်ထားသည်ကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

## အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ရဲဝင့်ကျော် (၃၅)နှစ်သည် ၎င်းအသုံးပြုသည့် “Ye Wint Kyaw” Facebook အကောင့်သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

## ထိရောက်စွာ အရေးယူသွားမည်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၁၇

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်းဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများ ရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဥ်းရေးကိုဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက်မှ “အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေးဆောင်ရွက်သွားမည်”ဟူသည့် ရှေ့လုပ်ငန်းစဉ်အရ လည်းကောင်း၊ “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး” ဟူသည့် နိုင်ငံရေးဦးတည်ချက်အရ လည်းကောင်း စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်တစ်ဦးအား ၎င်း၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်း ပေးအပ်

**နေပြည်တော် ဇွန် ၁၇**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ PDF အဖွဲ့ဝင် တစ်ဦးအား ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူနှင့် ၎င်း၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ပုသိမ်မြို့မှ PDF အဖွဲ့ဝင် အမျိုးသမီး တစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်



ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မိုးစပါးလျာထားဧက ၇၄၃၉၄ ဧက အောင်မြင်ဖြစ်ထွန်းရေးအတွက် ဆည်တော်ကြီးရေလှောင်တမံမှ ရေပေးဝေ

**နေပြည်တော် ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံမှ မတ္တရာ၊ ပုသိမ်ကြီးနှင့် အမရပူရ မြို့နယ်များရှိ မိုးစပါးလျာထားဧက ၇၄၃၉၄ ဧကအား အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ရန်အတွက် ရေပေးဝေမည့်အစီအစဉ်၊ ရေလှည့်ဇယားများဖြင့် ဇွန် ၁၈ ရက်မှစတင်ပြီး ရေပေးဝေသွားမည်ဖြစ်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူးရုံး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(မန္တလေးမြို့)မှ သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ဆည်တော်ကြီးရေလှောင်တမံမှ နွေသီးနှံ၊ မိုးသီးနှံများကို ရာသီအလိုက် စိုက်ပျိုးရေပေးဝေလျက်ရှိရာ (၂၀၂၁ - ၂၀၂၂) ခုနှစ်တွင် နွေစပါး ၆၈၀၅၈ ဧကနှင့် အခြားသီးနှံ ၁၁၆၂ ဧကအား အောင်ရေပေးဝေပြီးဖြစ်သည်။

**အောင်နိုင်ဝင်း**

## ထန်းတပင်မြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ထန်းတပင် ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ သစ်တောသစ်ပင်များနှင့် ဂေဟစနစ်များ စဉ်ဆက်မပြတ်တည်တံ့ရေး၊ သက်ရှိလူသားများ၏ ပတ်ဝန်းကျင် တည်တံ့ကောင်းမွန်ရေး၊ သစ်တောသစ်ပင်စိုက်ပျိုးခြင်းဖြင့် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုပြီး ရာသီဥတုပြောင်းလဲမှုကို ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ၂၀၂၂ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ထန်းတပင်-တောင်ငူကားလမ်း စစ်တောင်းတံတားလမ်းဘေးဝဲ/ယာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြင့်နှင့် အဖွဲ့ဝင်များ၊



မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်နှင့် ဝန်ထမ်းများက ဒေသခံရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား စိုက်ပျိုး မည့်ပျိုးပင်များကိုပေးအပ်သည်။ ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများစုပေါင်း၍ ခရေ၊ မဟော်ဂနီ၊ စိန်ပန်း၊ ပျဉ်းမ စုစုပေါင်း ပျိုးပင် ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအား ရှင်းလင်းပြောကြား

**ကျောက်တံခါး ဇွန် ၁၇**

ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး



ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကျေးရွာ ၁၂ ရွာအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဇွန် ၁၄ ရက်တွင် ချောက်တရာကျေးရွာနှင့် ကျွန်းကုန်းကျေးရွာတို့၌ မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်၊ မူဝါဒများ ရှင်းလင်းပြောကြားခြင်း၊ ကျေးရွာ၏ အဓိကလိုအပ်ချက်များ ပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးပေးကာ ဆောင်ရွက်ပေးသွားဖြစ်ကြောင်းနှင့် စီမံကိန်းတာဝန်ခံက စီမံချက်များရေးဆွဲခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများက ကော်မတီဝင်များကို အများသဘောတူ ဆန္ဒနှင့်အညီ အတည်ပြုရွေးချယ်ဆောင်ရွက်ခဲ့သည်။

**၂၂၂**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

### Unit 1 Greeting people

### Lesson 3: Greetings for special events

ရာသီဥတုဆိုင်ရာ စကားလုံးများကို ကျက်မှတ်ပါ။

**Rain (မိုး)**

| | |
|---|---|
| Drizzle | မိုးဖွဲ၊ မိုးဖွား |
| Showers | ခဏရွာသည့်မိုး (မိုးပြေး) |
| Rain | မိုး |
| Rainy | မိုးရွာသွန်းသော |
| Downpour | ရုတ်တရက်သည်းထန်စွာရွာသောမိုး |
| Flood | ရေကြီးမှု |

**Clouds (မိုးတိမ်)**

| | |
|---|---|
| Cloudy | တိမ်ထူသော၊ မိုးအုံ့သော |
| Gloomy | ကောင်းကင်တစ်ခုလုံး အုံ့မှိုင်းနေသော |
| Foggy | မြူဆိုင်းသော |
| Overcast | အုံ့မှိုင်းသော၊ တိမ်ဖုံးသော |
| Clear | တိမ်ကင်းစင်သော |

**Cold (အေးသော)**

| | |
|---|---|
| Hail | မိုးသီး၊ မိုးသီးကြွေသည်။ |
| Sleet | မိုးရေနှင့်ပေါက်ကျသည်။ မိုးနှင်းကျသည်။ |
| Snow | ဆီးနှင်း၊ ဆီးနှင်းကျသည်။ |
| Snowy | ဆီးနှင်းကျသော |
| Snowflake | ဆီးနှင်းပွင့် |
| Blizzard | နှင်းမုန်တိုင်း |

**Wind (လေတိုက်)**

| | |
|---|---|
| Breeze | လေပြည်လေညင်း |
| Blustery | လေထန်သော |
| Windy | လေထန်သော |
| Gale | လေပြင်းမုန်တိုင်း |
| Hurricane | ဟာရီကိန်းမုန်တိုင်း |
| Storm | မုန်တိုင်း |

**Temperature (အပူချိန်)**

| | |
|---|---|
| Hot | ပူသော |
| Warm | နွေးသော |
| Sunny | နေသာသော |
| Cool | အေးသော |
| Cold | အေးသော |
| Freezing | ခိုက်ခိုက်တုန်ချမ်းသော |

**Other Vocab (ရာသီဥတုဆိုင်ရာ အခြားသောစကားလုံးများ)**

| | |
|---|---|
| Forecast | ကြိုတင်ခန့်မှန်းချက် |
| Drought | မိုးခေါင်ခြင်း |
| Lightning | မိုးကြိုးပစ်ခြင်း |
| Thunder | မိုးခြိမ်းသံ |
| Rainbow | သက်တံ |

**Natural disasters (သဘာဝဘေးအန္တရာယ်များ)**

| | |
|---|---|
| Landslide | မြေပြိုခြင်း |
| Avalanche | တောင်ပေါ်မှ နှင်းထုတစ်ဟုန်ထိုးပြိုကျခြင်း |
| Earthquake | ငလျင် |
| Tornado | လေဆင်နှာမောင်း |

==============

**လေ့ကျင့်ခန်းများ ဖြေဆိုပါ။**

(1) Ask and answer the questions about these pictures. The first one is given as an example.

1.



(sunny)

Is it cloudy?
No, it isn't.
It is sunny.

2.



(rainy)

Is it sunny?
___________
___________

3.



(snowy)

Is it rainy?
___________
___________

4.



(stormy)

Is it snowy?
___________
___________

5.



(windy)

Is it sunny?
___________
___________

**(2)Fill in the blanks with the given words.**

| | | | |
|---|---|---|---|
| snow | snowy | storm | stormy |
| sunny | cloudy | rain | rainy |

1. Let's wait till the _____ stops.
2. On _____ days, we play games at home.
3. Now, the skies are _____.
4. _____ covered his hair and his skin was cold.
5. We have had a very _____ winter this year.
6. It is _____ today. Let's go for a walk.
7. Lightning can occur during a _____.
8. It is dangerous to climb a mountain on a day when it is _____.

++++++++++

(လာမည့်အပတ်တွင် Lesson: 4 Let's send a postcard သင်ခန်းစာပါ အကြောင်းအရာများကို ထည့်သွင်းဖော်ပြပါမည်။)

## Grade 7

(ယခင်အပတ်မှအဆက်)

လေ့ကျင့်ခန်းများဖြေဆိုပါ။

(1) (အေ မှ အီး) အထိ စာပိုဒ်တစ်ခုချင်းစီကို အောက်တွင် ပေးထားသော ၁ မှ ၅ နှင့် ယှဉ်တွဲဖော်ပြပါ။ ပထမတစ်ခုကို သင့်အတွက် နမူနာ လုပ်ပြထားပါသည်။

1. Shwe Mann Tin Maung's creativity (D)
   ရွှေမန်းတင်မောင်ရဲ့ တီထွင်နိုင်စွမ်း
2. The title he received ( )
   သူရရှိခဲ့သောဆု
3. What Myanmar Zat Pwe is ( )
   မြန်မာ့ဇာတ်ပွဲဆိုတာ
4. Personality traits ( )
   ပင်ကိုအမူအကျင့်
5. Personal profile ( )
   ကိုယ်ရေးအကျဉ်း

Ans: 1. (D) 2. (E) 3. (A) 4. (C) 5. (B)

(2) Read the passage again and answer the following questions.

1. What is Myanmar Zat Pwe? မြန်မာ့ဇာတ်ပွဲဆိုတာ ဘာလဲ။
2. When and where was Shwe Man Tin Maung born? ရွှေမန်းတင်မောင်ကို ဘယ်နေရာ၊ ဘယ်အချိန်မှာ မွေးဖွားပါသလဲ။
3. What did Shwe Man Tin Maung do during his visit to the US? အမေရိကန်ကို သွားလည်ပတ်စဉ်အတွင်း ရွှေမန်းတင်မောင် ဘာလုပ်ခဲ့သလဲ။
4. What were Shwe Man Tin Maung's famous creations? ရွှေမန်းတင်မောင်ရဲ့ ကျော်ကြားတဲ့ဖန်တီးမှုတွေက ဘာတွေလဲ။
5. What is the title Shwe Man Tin Maung received in 1953? ၁၉၅၃ ခုနှစ်မှာ ရွှေမန်းတင်မောင် ဘာဆုရရှိခဲ့သလဲ။
6. What personality traits made Shwe Man Tin Maung successful? ဘယ်ပင်ကိုအမူအကျင့်က ရွှေမန်းတင်မောင်ကို အောင်မြင်စေတာလဲ။

Ans: 1. Myanmar Zat Pwe is a classical dance drama.
2. In 1918, Shwe Man Tin Maung was born in Mandalay.
3. During his visit to the US, he learnt by heart the 27 verses on the Buddha's renunciation.
4. Shwe Man Tin Maung's famous creations were his new style of the duet dance, novels and operas.
5. In 1953, Shwe Man Tin Maung received the title Alinga Kyaw Swa, which is awarded to outstanding artistes in Myanmar.
6. His diligence and hard work made Shwe Man Tin Maung successful.

(3) Match the adjectives to describe personality traits with their meanings.
ပင်ကိုအမူအကျင့်ကို ဖော်ပြရန် နာမဝိသေသနများကို ၎င်းတို့၏ အဓိပ္ပာယ်များနှင့် ယှဉ်တွဲပြပါ။

| Personality trait<br>ပင်ကိုအမူအကျင့် | Meaning<br>အဓိပ္ပာယ် |
|---|---|
| 1. Passionate<br>ပြင်းပြသော | a. having the ability to create<br>ဖန်တီးနိုင်စွမ်းရှိခြင်း |
| 2. Dedicated<br>နှစ်မြှုပ်ထားသော | b. not proud<br>မဝင့်ကြွားသော |
| 3. Competitive<br>ယှဉ်ပြိုင်လိုစိတ်ရှိသော | c. hard-working<br>ကြိုးစားသော |
| 4. Imaginative<br>စိတ်ကူးဉာဏ်ရှိသော | d. giving a lot of time and energy to something<br>တစ်စုံတစ်ခုပေါ်တွင် အချိန်၊ စွမ်းအားအမြောက်အမြားထားရှိခြင်း |
| 5. Modest<br>မကြွားဝါသော | e. having a strong desire to do what you like<br>အလုပ်တစ်ခုကို လုပ်ဆောင်ရန် ပြင်းပြသောစိတ်ရှိခြင်း |
| 6. Creative<br>ဖန်တီးနိုင်သော | f. enjoying competition<br>ယှဉ်ပြိုင်ခြင်းကို နှစ်သက်ခြင်း |
| 7. Diligent<br>လုံ့လဝီရိယရှိသော | g. good at thinking of new and clever ideas<br>အတွေးသစ်၊ အမြင်သစ်များ ပေါ်ထွက်လာခြင်း |

Ans: 1.e 2.d 3.f 4.g 5.b 6.a 7.c

(4) **Fill each blank with an appropriate adjective from Exercise 3.**
လေ့ကျင့်ခန်း ၃ မှ သင့်တော်ရာ နာမဝိသေသနများကို ကွက်လပ်တစ်ခုစီတွင် ဖြည့်စွက်ပါ။

My mother is a (1) ------- woman. She is never proud. My father is a (2) ---------- teacher. He spends most of his time teaching and preparing lessons. My elder brother is (3) ---------- about music. He wishes to be a musician one day. My elder sister is (4) ---------. She can make beautiful bags by using coloured paper. My friends think that I am a (5) ---------- student because I study all the time.

Ans: 1. modest 2. dedicated 3. passionate 4. creative 5. hardworking

ကျွန်တော့်အမေသည် **ကြွားဝါမှုမရှိသော** အမျိုးသမီးတစ်ဦးဖြစ်သည်။ သူသည် ဘယ်တော့မှ မာန်မာနထားခြင်းမရှိပါ။ ကျွန်တော့်အဖေသည် အလုပ်တွင် **စိတ်နှစ်မြှုပ်ထားသော** ဆရာတစ်ဦးဖြစ်သည်။ သူသည် များသောအားဖြင့် စာသင်ကြားခြင်းနှင့် သင်ခန်းစာများကို ပြင်ဆင်ခြင်းနှင့်ပင် အချိန်ကုန်လေ့ရှိသည်။ ကျွန်တော့်အစ်ကိုသည် ဂီတနှင့်ပတ်သက်ပြီး **ပြင်းပြသောစိတ်ထား**ရှိသူတစ်ဦးဖြစ်သည်။ သူသည် တစ်နေ့ ဂီတပညာရှင်တစ်ဦး ဖြစ်ရန် ဆန္ဒရှိသည်။ ကျွန်တော့်အစ်မသည် **ဖန်တီးနိုင်စွမ်းရှိ**သူတစ်ဦးဖြစ်သည်။ သူသည် ရောင်စုံစက္ကူများနှင့် လှပသော အိတ်လေးများ ပြုလုပ်နိုင်သည်။ ကျွန်တော်သည် အချိန်ပြည့် စာလေ့လာနေသည့်အတွက်ကြောင့် သူငယ်ချင်းများက ကျွန်တော့်ကို **စာကြိုးစားသော** ကျောင်းသားတစ်ဦးဟု ထင်မြင်ယူဆကြသည်။

## Grade 8

### Lesson 3: Busy dad!

- Adverbs of indefinite frequency
- Adverbs of definite frequency

#### Adverbs of indefinite frequency (တိကျမှုမရှိသော ကြိမ်နှုန်းပြ ကြိယာဝိသေသန)

Always = အမြဲတမ်း
Usually / generally/ normally = များသောအားဖြင့်
Often/ frequently = မကြာခဏ
Sometimes = တစ်ခါတစ်ရံ
Seldom/ rarely/ hardly = ရှားရှားပါးပါး ကြုံတောင့်ကြုံခဲ
Occasionally = ရံဖန်ရံခါ
Never = ဘယ်တော့မှ

**မှတ်ချက်**

**တိကျမှုမရှိသော ကြိယာဝိသေသနများကို Main Verb ရဲ့အရှေ့ Helping Verb/ Verb to be တို့ရဲ့ အနောက်တွင် ထားရေးရသည်။**

e.g. She is late for school. (always)
She is <u>always</u> late for school. (သူ ကျောင်းအမြဲနောက်ကျတယ်

e.g. Ko Ko goes to school on foot. (usually)
Ko Ko <u>usually</u> goes to school on foot. (ကိုကို ကျောင်းကို ခြေလျင်သွားလေ့ရှိတယ်)

e.g. Daw Lay eats beef. (never)
Daw Lay <u>never</u> eats beef. (ဒေါ်လေး ဘယ်တော့မှ အမဲသား မစားပါ)

**သို့သော် usually/ normally/ often/ sometimes / occasionally တို့ကို ဝါကျရဲ့အရှေ့မှာရော အနောက်မှာပါ ထားရေးနိုင်သည်။**

e.g. <u>Usually</u> I get up early. I go there <u>occasionally</u>.

**"often" ကိုတော့ ဝါကျရဲ့နောက်ဆုံးမှာ ထားရေးရတယ် "very/ quite"တို့ကို ထည့်ရေးလေ့ရှိတယ်။**

e.g. He walks very often. She goes shopping <u>quite often</u>.

#### Adverbs of definite frequency (တိကျမှုရှိသော ကြိမ်နှုန်းပြ ကြိယာဝိသေသန)

Every + minute, hour, morning, evening, day, week, month, year, season, four hours, two weeks, five years (အချိန်တိုင်း၊ နံနက်တိုင်း၊ နေ့တိုင်း၊ လတိုင်း၊ နှစ်တိုင်း၊ လေးနာရီတိုင်း၊ ငါးနှစ်တိုင်း စသည်ဖြင့်)

e.g. Take this medicine every four hours every day/ every morning. (ဒီဆေးကို လေးနာရီခြားပြီး နေ့တိုင်းသောက်ပါ)

❖ once /twice/ three times + a minute, an hour, a day, a week, a month, a year (တစ်မိနစ်၊ တစ်ကြိမ်၊ တစ်ရက်တစ်ကြိမ်၊တစ်လသုံးကြိမ် စသည်ဖြင့်)

e.g. They go to the library once a day/ twice a week/ three times a month. (သူတို့တစ်ရက်တစ်ကြိမ်၊ တစ်ပတ် တစ်ကြိမ်၊ တစ်လသုံးကြိမ် စာကြည့်တိုက်သွားတယ်)

❖ hourly, daily, weekly, monthly, yearly (အချိန်အလိုက် နေ့တိုင်း၊ အပတ်တိုင်း၊ လတိုင်း၊ နှစ်တိုင်း)

e.g. Mum makes a call to her parents daily/ weekly/ monthly. (မေမေက ဘွားဘွားတို့နဲ့ နေ့တိုင်း၊ ရက်သတ္တပတ်တိုင်း၊ လတိုင်း ဖုန်းပြောတယ်)

**မှတ်ချက်**

**တိကျသော ကြိမ်နှုန်းပြကြိယာဝိသေသနများကို ဝါကျရဲ့နောက်ဆုံးတွင် ထားရသည်။**

**အကယ်၍ ကြိယာဝိသေသနသည် ဆိုလိုရင်း အကြောင်းအရာ မဟုတ်ပါက ဝါကျရဲ့အရှေ့တွင် ထားရေးရသည်။**

**Exercises**

**(A) Order the words to make sentences correct. (မှန်ကန်သော ဝါကျများ ပြန်လည်ရေးသားပါ။)**

1. on/ they/ work/ Saturdays/ never
______________________________.
2. takes/ rarely/ train/ the/ Father
______________________________.
3. sometimes/ at/ to/ cinema/ the/ we/ the/ go/ weekends
______________________________.
4. am/ in/ I/ hurry/ a / never
______________________________.
5. I / early/ up/ often/ get
______________________________.
6. always/ the / Sunday/ make / on/ they / breakfast
______________________________.
7. friends / plays / the / with / she / her / in / often / park
______________________________.
8. bed / makes / he/ his / never
______________________________.
9. sometimes / on / play/ we / Sunday / cards
______________________________.
10. hardly / the / watch / they / TV / afternoon / ever / in
______________________________.
11. always/ o'clock/ up / I / at/ get/ seven
______________________________.
12. have/ lunch / fish / seldom / for / we
______________________________.
13. rarely / bus / work/ by / to / go/ they
______________________________.
14. reads/ sister / the / my / newspaper / often
______________________________.
15. weekends /usually / boys / football/ the/ at / play
______________________________.

**(B) Cross out the incorrect adverbs of indefinite frequency in each sentence of the following.**

e.g. Khin Khin gets up early five days a week. Khin Khin gets up early very often/ sometimes.
Ans: Khin Khin gets up early very often.

1. It rains in the desert once or twice a year. It hardly ever/ often rains in the desert.
______________________________.
2. Most Sundays, I go to the cinema with friends. I always/ usually go to the cinema with friends on Sundays.
______________________________.
3. Mya Mya does yoga about three times a week. Mya Mya occassionally/ frequently does yoga.
______________________________.
4. We spend all our holidays in Taunggyi. We always / sometimes go to Taunggyi on holidays.
______________________________.
5. Father works late about once a month. Father often / occasionally works late.
______________________________.

**(C)Translate the followings. (အောက်ပါတို့ကို ဘာသာပြန်ဆိုပါ။)**

၁။ မေမေ နံနက်တိုင်း အိပ်ရာစောစောထသည်။ (get up/ every morning)
______________________________.
၂။ ဖော်လေး ညတိုင်း နွားနို့တစ်ခွက်သောက်သည်။ (drink/ every night)
______________________________.
၃။ မောင်မောင် သောကြာနေ့တိုင်း ဒီကိုလာသည်။ (come here/ every Friday)
______________________________.
၄။ ကျွန်တော် နေ့တိုင်း အိမ်စာလုပ်သည်။ (do homework/ every day)
______________________________.
၅။ ဦးလေး တစ်ပတ်နှစ်ကြိမ် ရေသွားကူးသည်။ (go for a swim/ twice a week)
______________________________.
၆။ ကိုကို တစ်ခါတစ်ရံ သူ့ဆီလာသည်။ (come to him)
______________________________.
၇။ ညီမလေး နံနက်တိုင်း အိပ်ရာနောက်ကျမှထသည်။ (get up late)
______________________________.
၈။ ဆရာကြီးက ကျွန်တော်တို့ကို များသောအားဖြင့် အိမ်စာအများကြီးပေးသည်။ (give us a lot of homework)
______________________________.
၉။ မင်းမင်း တစ်ပတ်တစ်ကြိမ် ဈေးဝယ်သွားသည်။ (go shopping)
______________________________.
၁၀။ ကျွန်တော် အချိုရည်သောက်ခဲ့တယ်။ (drink sugary drinks)
______________________________.

++++++++++++++

## Grade 9 (စနစ်ဟောင်း)

(ယခင်အပတ်မှအဆက်)

**2.(know) He is _____ about history.**

မေးခွန်း နံပါတ် ၂ မှာ ပေးထားတဲ့ဝါကျက သူသည် သမိုင်းနဲ့ပတ်သက်ပြီး _____ ဖြစ်သည်။ လို့ ပေးထားတယ်။ ကွက်လပ်ရဲ့အရှေ့မှာ verb to be ရှိတယ်။ ဒီတော့ Verb to be + Adjective ပုံစံဖြစ်ပါတယ်။ အဖြေက adjective ထည့်ရမှာပါ။ ပေးထားတဲ့စကားလုံး know (verb) မှာ knowledge (noun) ဗဟုသုတ၊ knowledgeable (adj) ဗဟုသုတရှိသောဆိုတဲ့စကားလုံး တွေရှိပါတယ်။ ဒီဟာတွေထဲက adjective ဖြစ်တဲ့ knowledgeable ကို ဖြေဆိုရမှာဖြစ်ပါတယ်။ သူသည် သမိုင်းပညာရပ်နဲ့ပတ်သက်ပြီး ဗဟုသုတရှိသည်လို့ အဓိပ္ပာယ်ရပါတယ်။

**3.(know) Reading gives us _____ and pleasure.**

မေးခွန်း နံပါတ် ၃ မှာ ပေးထားတဲ့ဝါကျက စာဖတ်ခြင်းသည် _____ နဲ့ပျော်ရွှင်မှုကို ပေးသည်။ လို့ ပေးထားတယ်။ ကွက်လပ်ကို and နဲ့ ဆက်ပေးထားတယ်။ and နဲ့ဆက်လို့ရတာ အမျိုးအစားတူတာတွေပဲရပါတယ်။ Noun and noun, verb and verb, adjective and adjective ...etc. အခုဝါကျမှာ and ကို noun နဲ့ဆက်ပေးထားတယ်။ ဒါဆို ကွက်လပ်နေရာမှာ noun ဖြေဆိုရမှာဖြစ်ပါတယ်။ အဖြေက knowledge (noun) ကို ဖြေရမှာဖြစ်ပါတယ်။ စာဖတ်ခြင်းသည် ဗဟုသုတ နဲ့ပျော်ရွှင်မှုကို ပေးသည်။ လို့ အဓိပ္ပာယ်ရပါတယ်။

**4. (beauty) Po Po Hay Tha has a _____ face and smile.**

မေးခွန်း နံပါတ် ၄ မှာ ပေးထားတဲ့ဝါကျက ပိုပိုဟေသာမှာ _____ ဖြစ်တဲ့ မျက်နှာနဲ့ အပြုံးရှိတယ်လို့ ပေးထားတယ်။ ကွက်လပ်ရဲ့အရှေ့မှာ a (article) ရှိတယ်။ ကွက်လပ်ရဲ့အနောက်မှာ face (noun) ရှိပါတယ်။ ဒီတော့ article + adjective + noun ပုံစံဖြစ်ပါတယ်။ ကွက်လပ်မှာ adjective ထည့်ရမှာဖြစ်ပါတယ်။ beauty (noun) ရဲ့ adjective ပုံစံက beautiful ဖြစ်ပါတယ်။ ပိုပိုဟေသာမှာ လှပတဲ့ မျက်နှာနဲ့ အပြုံးရှိတယ်လို့ အဓိပ္ပာယ်ရပါတယ်။

**5.(dress) Everyone values their wedding d_____.**

မေးခွန်း နံပါတ် ၅ မှာ ပေးထားတဲ့ဝါကျက လူတိုင်း သူတို့ရဲ့မင်္ဂလာဆောင် _____ ကို တန်ဖိုးထားကြတယ် လို့ပေးထားတယ်။ ကွက်လပ်ရဲ့အရှေ့မှာ wedding (noun) ရှိတယ်။ ဒီနေရာမှာ noun က noun ကို ပြန်ပြီး အထူးပြုပါတယ်။ ဥပမာ။ ရေအိုး ဆိုပါစို့။ ရေက အိုးကို အထူးပြုတယ်။ ရေကလည်း နာမ်၊ အိုးကလည်းနာမ်ဖြစ်ပါတယ်။ ဒီနေရာမှာ မင်္ဂလာဆောင်ဝတ်စုံ ဖြေရမှာဖြစ်ပါတယ်။ ဒါပေမဲ့ their က အများဆိုတော့ dress ကို အများပုံစံနဲ့ ဖြေဆိုရမှာဖြစ်ပါတယ်။ အဖြေက dresses ပါ။ လူတိုင်း သူတို့ရဲ့ မင်္ဂလာဆောင်ဝတ်စုံတွေကို တန်ဖိုးထားကြတယ် လို့ အဓိပ္ပာယ်ရပါတယ်။

**လေ့ကျင့်ခန်းတွေကို ဖြေဆိုကြည့်ပါ။**

1. (dress) Wait a minute! I'm getting _____.
2. (differ) Min Maung is _____ from Khin Maung in their manners.
3. (differ) She knows the _____ between right and wrong.
4. (care) Don't be _____ when you cross the road.
5. (care) Be _____ in crossing the road.
6. (happy) The _____ is the opposite of sadness.
7. (poor) U Kyaw Htoo is the _____ man in our town.
8. (poor) P_____ is the state of being poor.
9. (poor) Daw May Thi was _____ dressed.
10. (beauty) Her sister is always _____ dressed.

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ခြင်းကြားကြီးနဲ့ရေကိုယူသဗျ

ဆင်ဖြူကျွန်းအောင်သိန်း

ရမ်းဘိုကုန်းရွာ၏ ကောင်းကင်ပြင်၌ ဆင်ဖြူကြီး ပျံဝဲနေလေ၏။

“ဟေ ဆင်ကြီးဟ၊ ဆင်ကြီး ခွေးပုရေ၊ လာဟေ့ ဒီမှာကြည့်လှည့်”

မည်သူက အစပြု၍ အော်လိုက်သည်မသိသော အသံများသည် ရမ်းဘိုကုန်းတစ်ရွာလုံးကို ဖုံးခြုံသွားလေသည်။

“ဟဲ့ ငကြွက်၊ နွားတွေ ဘာတွေ တိုးမိမယ်နော်။ ကလေးကို ဂရုစိုက် ”

ညနေစောင်းပြီမို့ အိမ်ပြန်နွားများဖြင့်လည်း လမ်းမှာစည်တတ်၏။ ကလေးများဖြင့်လည်း ပြည့်တတ်သည်။ ကလေးနှင့်တွေ့သောအခါ နွားကပင်ရှောင်သွားစမြဲဖြစ်သော်လည်း တိုးဝှေ့ပြေးလွှားသော နွားအုပ်နှင့်ကြုံပါမူ မတော်တဆနင်းသွားတတ်ပေ၏။ သို့ကြောင့် ကလေးအမေများက အော်ဟစ်သတိပေးကြခြင်းဖြစ်သည်။

“ဟာ ... ဟုတ်တယ်ဟ”

“ကြာစူးရေ ဆင်ကြီးဟ၊ ဆင်ကြီးမှ နည်းတဲ့ ရောနန္ဒဆင်ကြီး မဟုတ်ဘူး”

ကောင်းကင်တွင် တိမ်ခြေရှင်း၏။ ပြာစင်သော မိုးသား နောက်ခံဝယ် ငွေရုပ်သွင်ဆင်ဖြူကြီးသည် တရွေ့ရွေ့နှင့် တောင်မှ မြောက်သို့ လွင့်မျောနေ၏။

တောင်မှမြောက်သို့ အစဉ်တစိုက်လွင့်ပြေးလာရာက ရမ်းဘိုကုန်းရွာနားအရောက်တွင် အင်္ဂါထောင့်သို့ထိုးသွားပြီး ပုတီးပင်ဘုရားပေါ် လောက်သို့အရောက်တွင် ရမ်းဘိုကုန်းရွာဘက်သို့ ထပ်မံရွေ့လာပြန်သည်။

“ဟာ ပြန်လာပြီဟ၊ ပြန်လာပြီ” ကလေးများသည် ဝမ်းသာအားရ အော်ကြ၏။ “ဟယ် မှိုင်းတေအန်လာပြီ။ မှိုင်းတွေ မှိုင်းတွေ”

အပြာနောက်ခံနှင့် ပန်းရစ္စာ ငွေတောင်ကြီးလို ဆွတ်ဆွတ်ဖြူ နေသော ဆင်ကြီးဝမ်းဗိုက်မှ မီးခိုးများ အူထွက်နေ၏။ မီးခိုးတန်းကြီးသည် မိန်းမပျို၏ဆံပင်လေမှာလွင့်သလို လွင့်ပျံလုံးထွက်နေ၏။

သို့ရာတွင် ဆင်ဖြူကြီး၏ဝမ်းဗိုက်တွင် တပ်ဆင်ထားသော မှိုင်းသွင်းသည့် မီးတုတ်မှာ မီးမငြိမ်းသေးပေ။ အရှိန်ကောင်းကောင်းဖြင့် တောက်လောင်နေလေ၏။ ထိုမီးကွင်းမှာ အဝတ်ကို ရေနံစိမ်ပြီး သံချောင်းနှင့်တပ်၍ မီးရှို့လွှတ်လိုက်ခြင်းဖြစ်သည်။ ဤဆင်ရုပ်မီးပုံးပျံကို မလွှတ်မီကပင် အခြားသော ရေနံမီးတုတ်တစ်ခုဖြင့် ဆင်ရုပ်၏ တစ်ကိုယ်လုံး မှိုင်းပြည့်အောင် လုပ်ပေးလိုက်ပြီး လွှတ်ခါနီးမှ မီးကွင်းကို မီးရှို့ပေးလိုက်သည်။ မီးပုံးပျံ၏အခေါင်းထဲ၌ မှိုင်းအား လျော့မသွားအောင် ထိုမီးကွင်းက ဖြည့်ပေး၏။

“ကျတော့မယ်ဟေ့ ကျတော့မယ်”

ကာလသားပေါက်စကလေးများနှင့် ကာလသားကြီးများသည် ရွာပြင်သို့ ပြေးထွက်သွားကြ၏။ သူတစ်ပါး လွှတ်လိုက်သော မီးပုံးပျံ အားကုန်၍ကျသည်ကို မပျက်မစီး လိုက်လံကောက်ယူ၍ရလျှင် သူတို့က ထပ်မံလွှတ်ရန်ပင်ဖြစ်သည်။ သို့ရာတွင် ဆင်ဖြူရုပ်ကြီးကား မကျရုံသာမက ရမ်းဘိုကုန်းရွာပေါ်သို့အရောက်တွင် အပေါ်သို့ ထိုးတက်သွားလေ၏။

“ဆင်ရုပ်ကြီးဟေ့ ဆင်ရုပ်ကြီး” ကလေးများ၏ တစ်ခဲနက် အော်သံက ကိုဆေးရိုး၏ နားထဲသို့ တိုးဝင်လာလေသည်။

ကိုဆေးရိုးသည် လက်စသတ်သွားပြီဖြစ်သော မီးအိမ်ကို အသာချ ထားလိုက်ပြီး တံစက်မြိတ်လွန်အောင်ထွက်၍ မော့ကြည့်သည်။ မျက်စိပြာသီပြီဖြစ်သည့်အပြင် မီးပုံးပျံကလည်း မြင့်တက်သွားပြီမို့ ကိုဆေးရိုးမှာ ပက်လက်လန်မတတ် မော့ကြည့်မှ မြင်ရသည်။ သို့စဉ်တွင် သူ့ခေါင်းတွင် ပတ်ထားသောခေါင်းပေါင်းစောင်မှာ ဖုတ်ခနဲ ပြုတ်ကျသွားလေ၏။ ခေါင်းပေါင်းစောင် ပြုတ်ကျသွားသည်နှင့် တစ်ပြိုင်နက် ကိုဆေးရိုးမှာ ချာခနဲလှည့်၍ ကုန်းကောက်လိုက်သည်တွင် “တကတည်းတော် မကြီးမငယ်နဲ့”ဟူသော မကျီးဒန်၏ အသံကြီး ကြောင့် ကိုဆေးရိုး၏ခေါင်းပေါင်းစောင်နှင့် ထိလုလုလက်မှာ တွန့်ဆုတ်သွားလေ၏။ ခေါင်းပေါင်းစောင်အရိကလေးမှာ မကျီးဒန်၏ ရှေ့တည့်တည့်မှာ ကျမိလျက်သားဖြစ်နေသည်။ မကျီးဒန်က မန်ကျည်းပင်၏ အေးရိပ်ကိုခိုကာ ကျကျနန မုန့်ထုပ်နေခြင်းဖြစ်ပေသည်။

“မကြီးမငယ်နဲ့ ငါကဘာလုပ်လို့လဲဟ ဟေ”

ကိုဆေးရိုးသည် မကျီးဒန်အား ပြန်မေးပြီးမှ ခေါင်းပေါင်းစောင်ကို ကောက်ယူသည်။ ဖုတ်ဖက်ခါ၍ ခေါင်းတွင်ပြန်ပတ်သည်။

“မီးပုံးပျံကြည့်တာက တော့်အလုပ်လားလို့။ မသကာ ဒီမှာ မုန့်ကူနဲ့(နယ်)လို့ လုပ်လို့လုပ်ပါလား၊ အခုတော့ မကြီးမငယ်နဲ့”

“တယ်၊ မုန့်ကူပြီးထုပ်စမ်းပါပြောလည်း ရိုးရိုးပဲ ပြောစမ်းပါ ကျီးဒန်ရာ”

ကိုဆေးရိုးက မကျီးဒန်နှင့် ဘေးတိုက် ဝင်ထိုင်လိုက်သည်။ မုန့်ထုပ်ရန် ဖက်ကိုကြည့်သောအခါ ဆုတ်ပြီးသားဖက်မရှိပေ။ နံနက်က ခုတ်လာသော ငှက်ပျောရွက်များသာ အလက်လိုက်ရှိနေ၏။

“ညည်းဟာက ဘယ်မလဲ ထုပ်စရာဖက်”

“မရှိလည်း ကိုယ့်ဘာသာကိုယ်ဆုတ်ပေါ့တော်။ တော့်ကို ဆုတ်ပေးနေရဦးမှာလား”

မကျီးဒန်ကတော့စ၍ မျက်နှာချင်းဆိုင်မိသည်မှစ၍ အငေါ်တူးနေ၏။ ကိုဆေးရိုးမှာ ဘာမျှပြန်မပြောဘဲ ငှက်ပျောလက်များကိုထဆွဲပြီး အရွက်များကို အတန်းလိုက်ရအောင် ဆွဲခွာနေ၏။ မုန့်ထုပ်မည့် ငှက်ပျောရွက်ကို သည်လိုပဲခွာရသည်။ အလက်အကြောပါပါအောင် ဆွဲခွာပြီးမှ မစုတ်မကွဲသောဖက်များကို တစ်ထုပ်စာစီ ဖွဲ့ယူရသည်။

ကိုဆေးရိုးသည် လက်စသတ်သွားပြီဖြစ်သော မီးအိမ်ကို အသာချထားလိုက်ပြီး
တံစက်မြိတ်လွန်အောင်ထွက်၍ မော့ကြည့်သည်။
မျက်စိပြာသီပြီဖြစ်သည့်အပြင် မီးပုံးပျံကလည်း မြင့်တက်သွားပြီမို့
ကိုဆေးရိုးမှာ ပက်လက်လန်မတတ်မော့ကြည့်မှ မြင်ရသည်။
သို့စဉ်တွင် သူ့ခေါင်းတွင်ပတ်ထားသော ခေါင်းပေါင်းစောင်မှာ ဖုတ်ခနဲ
ပြုတ်ကျသွားလေ၏။ ခေါင်းပေါင်းစောင် ပြုတ်ကျသွားသည်နှင့်တစ်ပြိုင်နက်
ကိုဆေးရိုးမှာ ချာခနဲလှည့်၍ ကုန်းကောက်လိုက်သည်တွင်.......

အလက်တွင်ကပ်လျက် သေးသေးငယ်ငယ်လေးတွေ ဖွဲ့ယူပါက အရင်းဖွာပြီး ပွဲ့ကုန်တတ်ပေ၏။ ငှက်ပျောလက်ဆယ်လက်ခန့်ကို ခွာပြီးသည့်နောက်၌ ကိုဆေးရိုးက အကြောများကို ဖွဲ့ပစ်သည်။ ဖက်ရွက်များကို မဖြဲမဆုတ်သေးဘဲထပ်ထားကာ အားလုံးကို အကြောသင်ပြီးမှ ပုဆိုးစုတ်တစ်ထည်ဖြင့် နှစ်ဖက်ညှပ်ပွတ်ဆွဲ၍ သုတ်သင်ပြန်ပေသည်။

ရွာလယ်လမ်း၌ကား မီးပုံးပျံထွက်ကြည့်သော ကလေးများသည် မီးပုံးပျံပျောက်ကွယ်သွားသည့်တိုင်အောင် လူစုမကွဲကြသေးပေ။ ဆူညံစွာ ဆော့ကစားနေကြ၏။

ကိုဆေးရိုးတို့အိမ်ဝိုင်းအတွင်းရှိ မန်ကျည်းပင်ရိပ်တွင်ကား လမ်းမနှင့်ခြားနားစွာ တိတ်ဆိတ်နေ၏။ မကျီးဒန်က မုန့်ကိုမဲ၍ထုပ်နေသလို ကိုဆေးရိုးကလည်း ဖက်ကို အလျင်အမြန်သုတ်၍ ပြီးစီးနိုင်ရန် ကြိုးစားနေ၏။

မကျီးဒန်သည် မုန့်အဖြူသား၏အခွက်ထဲသို့ ကုလားပဲနှင့် ထန်းလျက်ရောသည့်အစာ(ဥာပနာ)ကို ထည့်မြှုပ်ပြီးလျှင် ဖက်ဖြင့် မထုပ်ပေ။ လက်ဖြင့် ကိုင်မြဲကိုင်ကာ ငြိမ်သက်နေ၏။ အမှန်မှာ အလုပ်လုပ်ရင်းတန်းလန်းက မကျီးဒန်တစ်ယောက်မှာ ငေးမောနေမိခြင်းဖြစ်ပေသည်။ သူသည် နွားတင်းကုပ်ဘက်သို့ အမှတ်မဲ့ငေးကြည့်နေ၏။ နွားတင်းကုပ်တွင်းရှိ အဆင့်(ကျပ်ခိုးစင်)ပေါ်တွင် ရေနံအပြောင်သားဖြင့် ထွန်ထုံး၊ ထယ်တုံးနှင့် ထမ်းပိုးတုံးများကို မြင်ရ၏။ လယ်လုပ်ကိရိယာများကား အငြိမ်းစားသွားကြလေပြီ။

နွားတင်းကုပ်ထဲတွင်မူ နွားနီကြီးသည် နွားစာခေါင်းအရှည်ကြီး ထဲရှိ နွားစာများကို ဟိုထိုးသည်မွှေလုပ်နေ၏။ စာဥကြီးမှာမူ တင်းကုပ်၏အပြင်ဘက်သို့ ကြိုးတစ်ဆုံးထွက်ကာ နှစ်ခြိုက်စွာ အိပ်ပျော်နေပေသည်။

မကြာပါချေ။ နွားနီကြီးသည် နွားစာခေါင်းကို ဖင်ပေး၍ တင်းကုပ်အပြင်သို့ ထွက်လာသည်။ ကြိုးတစ်ဆုံးရောက်သည်နှင့်တစ်ပြိုင်နက် မြေကြီးကို တရှုုးရှုုးကုန်းနမ်း၍ တဗုန်းဗုန်းမြည်လာအောင် မြေပြင်ကို ရှေ့ခြေဖြင့်ယက်၍ ရင်ဘတ်အောက်သို့ ပက်သွင်းနေလေ၏။

သည့်အခါကျမှ မကျီးဒန်မှာ သတိပြန်ဝင်လာကာ မထုပ်ရသေးသောမုန့်ကိုဖက်ဖြင့်ပတ်သည်။ ထုပ်ပြီးသားမုန့်ထုပ်များစီထည့်ထားရာ ဆန်ကောထဲသို့ အသာချလိုက်၏။

“အင်း နင်တို့မှာတော့ ငြိမ်းလို့ အေးလို့ပါကလား ဖိုးနီရဲ့”

မကျီးဒန်က နွားနီကြီးကို လှမ်း၍ပြောရာက

“တို့များဖြင့် လယ်မပိတ်သေးတော့ မပိတ်သေး၊ လယ်ပိတ်ပြန်တော့လည်း လယ်ပိတ်သွားလို့ အလုပ်နဲ့လက်နဲ့ကို မပြတ်ပါလားဟဲ့။ နင်တို့မတော့ ဟင်း”

“တော်စမ်းပါဟာ”

ကိုဆေးရိုးက ညည်းညူသံဖြင့် မာန်လေသည်။ “ဟိုကနွား၊ ဒီကလူ၊ တူသလား”

ကိုဆေးရိုးက သုတ်ပြီးသား ဖက်တစ်ထပ်ကို မကျီးဒန်ဘေးသို့ ချပေးရင်း မာန်နေပြန်လေသည်။

တစ်ဖန်ဆက်၍ “ညည်းဟာက တို့ကျောင်းသားတုန်းက ချစ်ပန်းနဲ့တူနေပြီ။ ချစ်ပန်းက ဆွမ်းခံလည်းမလိုက်ချင်၊ ဆွမ်းချက်လည်းမထချင်၊ စာလည်းမအံချင်ပေမယ့် ဘုန်းကြီးရဲ့ကြိမ်လုံး ကြောက်လို့ လုပ်ရတာကိုး”

ငယ်ဖြစ်ကို ပြန်လှန်ဆွေးနွေးရသဖြင့် ကိုဆေးရိုး၏မျက်နှာမှာ လန်းနေပုံရ၏။

“တစ်နေ့ကျတော့ ဘသားချောက အုတ်လှေကားရင်းမှာအိပ်နေတဲ့ ခွေးကြီးရှေ့မှာ သေသေချာချာသွားထိုင်ပြီး ကျားဘိုရယ် နင့်မှာတော့ ငါ့လိုစာလည်းမအံရဘူး၊ ဆွမ်းလည်းမခံရဘူး၊ ဘုန်းကြီးလည်း နှိပ်မပေးရဘူး၊ စားလိုက် အိပ်လိုက်နဲ့ သိပ်ပြီးဟန်ကျပါလားလို့ သွားညည်းသတဲ့။ ကတည်း အဲဒါကို ဘုန်းကြီးကြားလည်းကြားရော ဟိုက အပတိတ်တိရစ္ဆာန်ခွေး၊ နင်ကလူ၊ တူသလားဟဲ့ဆိုပြီး ကျောင်းပေါ်ခေါ် ဆော်လာဘန်တေတော့တာပဲဟေ့ ဟားဟား”

ကျိုးကုန်ပြီဖြစ်သော သွားကြွင်းသွားကျန်တွေ ပေါ်အောင် ကိုဆေးရိုးက အားရပါးရရယ်ချလေ၏။ မကျီးဒန်မှာ မသိမသာပြုံးနေရသည်။

“အေး၊ အခုလည်း ညည်းက လူ၊ ဟိုက နွား၊ တူမလား ကျီးဒန်ရဲ့။ ညည်းမှာက ကုသိုလ်မှန်း၊ အကုသိုလ်မှန်း ခွဲသိတယ်၊ နွားက သိသလား”

“ ဒါတော့တော် ပင်ပန်းလွန်းတော့လည်း ညည်းမိတာပေါ့။ တစ်ခါတလေတော့လည်း ခွေး၊ နွား တိရစ္ဆာန်ကမှ မပူမပင်နေရသေးတယ် ထင်မိပါရဲ့”

“ဖြစ်ရလေတယ် ကျီးဒန်ရယ်။ ကဲ ညည်းကြည့်စမ်း၊ နွားတွေမှာ မြေကြီးပေါ်မှာအိပ်ရတဲ့ ဘဝက တက်သလား၊ တို့ဆိုရင် အရင်လို မြေကြီးပေါ်မှာ ကွပ်ပျစ်နဲ့ အိပ်ရတဲ့ဘဝကနေပြီး အခု အဆင့်ကလေးနဲ့ အိပ်နိုင်လာပြီ။ အရင်က အိမ်သာမရှိဘူး။ ဟော အခု အိမ်သာနဲ့”

“ဒါကတော့ လူကိုးတော်ရဲ့၊ ဒါလောက်တော့ ပြောင်းလဲရမှာပေါ့”

“အေးလေ၊ ဒါကြောင့် ညည်းဟာလူပါလို့ ငါ ပြောနေတာပေါ့ ”

ကိုဆေးရိုးမှာ စိတ်ထဲကသိသော်လည်း မကျီးဒန် နားရှင်းအောင် ပါးစပ်မှရှင်းမပြတတ်သဖြင့် မချင့်မရဲနှင့် အဆုံးသတ်ကာ ထရပ်ရင်း ပြော၏။ **(ဆက်လက်ဖော်ပြပါမည်)**



## မိတ္ထီလာမြို့နယ်တွင် မျိုးစေ့ချကိရိယာဖြင့် နှံစားပြောင်းစိုက်ပျိုးမှု ဒေသခံတောင်သူများ လာရောက်လေ့လာ

မိတ္ထီလာ ဇွန် ၁၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကန်ဦးစံပြကျေးရွာအနီးရှိ မွေးမြူရေးအသုံးချ သုတေသနနှင့် မျိုးထိန်းမျိုးပွားခြံ(သဖန်း) တွင် မျိုးစေ့ချကိရိယာဖြင့် တိရစ္ဆာန်အစာ နှံစားပြောင်း စိုက်ပျိုးခြင်းလုပ်ငန်းကို ယမန်နေ့က ဒေသခံတောင်သူများ လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ထွန်စက်ကြီးနှင့် ချိတ်ဆွဲ မောင်းနှင်သည့် လေဖိအားသုံး မျိုးစေ့ချ ကိရိယာဖြင့် မွေးမြူရေးအသုံးချ သုတေသနနှင့် မျိုးထိန်းမျိုးပွားခြံ(သဖန်း)တွင် တိရစ္ဆာန် အစာ နှံစားပြောင်း စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ လေဖိအားသုံး မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာသို့ ဒေသခံတောင်သူများက လာရောက်လေ့လာခဲ့ကြသည်။

ယင်းသို့ လာရောက်လေ့လာသော ဒေသခံတောင်သူများအား စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်မောင်မြင့်က လေဖိအားသုံးမျိုးစေ့ချ ကိရိယာဖြင့် ဝါသီးနှံ၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံနှင့် မြေပဲသီးနှံများကို စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးရာတွင်လည်း မျိုးစေ့လေလွင့်မှုမရှိဘဲ မျိုးစေ့ကုန်ကျမှုနှင့် အချိန်ကုန်သက်သာစေပြီး စိုက်ပျိုးစရိတ် ကုန်ကျမှုသက်သာကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ခရိုင်(ပြန်/ဆက်)

## ကင်းတားရေလှောင်တမံမှ မိုးစပါးနှင့် အခြားသီးနှံများအတွက် စိုက်ပျိုးရေကို ဇွန် ၂၀ ရက်မှ စတင်ပေးဝေသွားမည်

မြစ်သား ဇွန် ၁၇

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အတွင်းရှိ ကင်းတားရေလှောင်တမံမှ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ကျောက်ဆည်ခရိုင်အတွင်းရှိ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ တံတားဦးမြို့နယ်များနှင့် မိတ္ထီလာခရိုင် အတွင်းရှိ ဝမ်းတွင်းမြို့နယ်တို့တွင် မိုးစပါး စိုက်ပျိုးရန် လျာထားဧက ၁၁၀၀၀၀ ကျော်ကို ရေပေးဝေသွားမည် ဖြစ်ပြီး ဆည်ရေသောက်ဧရိယာများ အတွင်း မိုးစပါးပျိုးထောင်ရေကို ဇွန် ၂၀ ရက်မှ စတင်၍ ရေသောက်မြောင်းအုပ်စုအလိုက် ရေလှည့်စနစ်များဖြင့် အလှည့်ကျပေးသွားမည် ဖြစ်ကြောင်း မြစ်သားမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



မန္တလေးတိုင်းဒေသကြီး၏ စပါး အများဆုံး စိုက်ပျိုးရာ ကင်းတားရေလှောင်တမံသည် နှစ်စဉ် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများကို စိုက်ပျိုးရေ ပေးဝေလျက်ရှိသော တမံဖြစ်ပြီး ဒေသတွင်းသောက်သုံးရေနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့အပြင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးတို့ကိုပါ အကျိုးပြုလျက်ရှိသော ဘက်စုံရေလှောင်တမံတစ်ခုလည်း ဖြစ်သည်။

၂၀၂၂-၂၀၂၃ ခုနှစ် မိုး(ကောက်ကြီး) ရာသီတွင် ကင်းတားရေလှောင်တမံမှ ယနေ့ထိ ကန်တွင်းသိုလှောင်ရေပမာဏ ဧကပေ ၃၁၇၆၄၀ ရှိပြီး လက်ဝဲမြောင်း၊ လက်ယာမြောင်းနှင့် ပန်းလောင်မြောင်း ရေသောက်စနစ် သုံးခုအတွင်း စိုက်ဧကပေါင်း ၁၁၀၃၁၂ ဧကပေးဝေရန် လျာထားခဲ့ပြီး ပန်းလောင်မြစ်ဆိုင်ရာ မြောင်းခွဲများကို ဇွန် ၂၀ ရက်မှစ၍ ၁၀ ရက်ဖွင့် ငါးရက်ပိတ် ရေလှည့်စနစ်ဖြင့် လည်းကောင်း၊ နတ်လွဲမြောင်းကို ရှစ်ရက်ဖွင့် လေးရက်ပိတ် ရေလှည့်စနစ်ဖြင့် လည်းကောင်း၊ လက်ဝဲမြောင်း ရေသောက်စနစ်တွင် အုပ်စု သုံးခုခွဲကာ ရှစ်ရက်ဖွင့် လေးရက်ပိတ် ရေလှည့်စနစ်ဖြင့် လည်းကောင်း၊ လက်ယာမြောင်း ရေသောက်စနစ်ကိုမူ ဇွန် ၂၂ ရက်မှ အုပ်စု သုံးအုပ်စုခွဲကာ အလှည့်ကျပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ - မောင်လွင်

**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော**

## ဖြူးမြို့နယ်တွင် သစ်စိမ်းမြေဩဇာစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

ဖြူး ဇွန် ၁၇

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စိုက်ခင်းအား ထယ်ထိုးမြေမြှုပ်ထည့်သွင်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မျိုးစေ့ဌာနခွဲ အုတ်ဖြတ်ခြံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးကျော်ကျော်ဦးက သစ်စိမ်းမြေဩဇာ စိုက်ပျိုးခြင်းဖြင့် မြေသားတည်ဆောက်မှု တိုးတက်ကောင်းမွန်စေပြီး မြေတွင်းအာဟာရများ ကြွယ်ဝစေမည့်အပြင် ပေါင်းသတ်ဆေး၊ ဓာတ်မြေဩဇာများရေရှည်အသုံးပြုခြင်းကြောင့် မြေဆီလွှာအတွင်း သဘာဝမြေဩဇာများပျက်စီးခြင်း၊ အကျိုးပြု အဏုဇီဝများနည်းပါးခြင်းကို အလွယ်ကူဆုံး၊ အသက်သာဆုံးဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မင်းထွေးက သစ်စိမ်းမြေဩဇာစိုက်ပျိုးခြင်းဖြင့် ပေါင်းမြက်များပေါက်ခြင်းမှသက်သာစေပြီး တစ်လခွဲသားအထိ ထယ်ထိုးမြေမြှုပ်ရမည့်နည်းလမ်းများကိုလည်းကောင်း၊ မျိုးစေ့ဌာနခွဲ ခြံတာဝန်ခံ ဦးစိုးနိုင်က စိုက်ပျိုးရေးနည်းလမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ကိုလွင်(ဆွာ)

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၊ မြေကွက်အမှတ်-၅၂၊ ဧရိယာ(၀.၁၁၄)ဧက၊ ဒေါ်စိုးစိုးရီ[၁၂/လမတ(နိုင်)၀၁၆၈၆၂] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စိုးစိုးရီ[၁၂/လမတ(နိုင်)၀၁၆၈၆၂]ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၆၃၇၁/၁၉ (၁၅-၂-၂၀၁၉)ဖြင့် SP ရရှိသူ ဒေါ်ဇင်ဇင်ထွန်း [၇/မလန(နိုင်)၀၀၁၃၀၁]မှ ဂရန်မူရင်း၊ ကိုယ်စားလှယ်လွှဲစာ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားခြင်းအား မြေရာဇဝင်မှတ်ချက်(၁)ရှိ ၂၀၁၄ခုနှစ် ဒေါ်စိုးစိုးရီမှ ဘဏ်ချေးမြေပုံကူးလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရန် အကြောင်းကြားခဲ့ရာ လျှောက်ထားသူမှ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ၂၀၁၄ ခုနှစ်တွင် ဘဏ်ချေးရန် မြေပုံကူးလျှောက်ထားခဲ့ပြီး ဘဏ်ချေးမြေပုံအား ထုတ်ယူခဲ့သော်လည်း မည်သည့်ဘဏ်တွင်မှ ချေးယူခြင်းမရှိဘဲ ဘဏ်ချေးမြေပုံမှာ အထားအသိုမှားယွင်းမှုကြောင့် ပျောက်ဆုံးသွားကြောင်း အဆိုပါဘဏ်ချေးမြေပုံအား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းထားခြင်းတို့မရှိပါကြောင်းနှင့် ဘဏ်ချေးမြေပုံ ပျောက်ဆုံးခြင်းနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးပါမည်ဖြစ်ကြောင်း ဝန်ခံကတိ ကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထား လာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း(၃)လမ်း၊ အမှတ်-၅ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် -၄-အေ ၉၂၊ မြေကွက်အမှတ်-၁၉၈ ပေါ်ရှိ ဆောက်လုပ်ထားသော ၂-ခန်းတွဲ ၆ ထပ်တိုက်၏ မှန်ခန်းနှင့်တွဲလျက်ပါရှိသော မြေညီထပ် (တိုက်မျက်နှာမူကြည့်လျှင် ယာဘက်အခန်း)၊ အကျယ်အဝန်း (၁၂x၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်အရ အရှုပ်အရှင်းကင်းစွာလက်ရှိထား ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နီနီအောင် [၉/မခန(နိုင်)၀၂၉၉၂၅] ၏ အထွေထွေကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဒေါ်သီသီအောင် [၉/မခန(နိုင်)၀၀၀၆၉၇]မှ ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇေယျ [၅/ဝလန(နိုင်)၁၁၀၇၆၇] မှအပြီးအပိုင်ဝယ်ယူရန် သဘောတူညီသဖြင့် အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူထံ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

ဤတိုက်ခန်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဤတိုက်ခန်းအရောင်းအဝယ် ကိစ္စအား ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကေခိုင်စိုး (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၁၈)
တိုက်(၅၅)၊အခန်း-၂၂၊ ဒုတိယလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၃၀၄၀၆၁၃၊ ၀၉-၇၉၅၈၅၄၈၆၅

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စော/နောက်ရပ်ကွက်၊ ဝေဘာဂီလမ်း၊ တိုက်အမှတ် ၃၇/၃၉ (၈)ထပ်တိုက်၏ မြေညီထပ် (ညာဘက်ခန်း) (၁၄x၅၀) ပေ အကျယ်ရှိ တိုက်ခန်းကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးထိန်ဝင်း [၁၂/ဒဂန(နိုင်)၀၀၉၄၉၁]+ဒေါ်စန်းစန်းအေး [၁၂/ဒဂန(နိုင်)၀၀၉၄၇၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဝင်း [၁၂/သဃက(နိုင်)၁၂၁၅၁၄] က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှ (၁၄) ရက်အတွင်း စာရွက်စာတမ်း (မူရင်း)များနှင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝေမီလှိုင် (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၁)
အမှတ် (၈၂)၊ ၁၂ လမ်း၊ လမ်းမတော်မြို့နယ်
ဖုန်း-၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇

**ကန့်ကွက်နိုင်ပါသည်။**

ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်(၁၁)လမ်း၊ အမှတ် (၁၁)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၅)ထပ်တိုက်မှ မြေညီထပ် (ခေါင်းရင်းခန်း)နှင့်တကွ ယင်းမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင်/ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဝင်းကြည် (၁၂/ဥကတ(နိုင်) ၀၄၆၆၈၅)ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဘိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေညီတိုက်ခန်းနှင့် မြေရှင်အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်သဲနုစံ (LL.B., D.B.L., D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၅၆၉)
အမှတ် (၇၀/ခ)၊ ၂-လမ်းသွယ် (၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း - ၀၉ ၄၀၁၆၂၀၈၀၆၊ ၀၉ ၅၉၉၂၆၀၉၅၃

**ဥတုရာသီ တောကိုမှီ၏**

**အမည်ပြောင်း**

စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာလမ်း၊ ရှင်စောပုရပ်ကွက်၊ အမှတ်-၅၅/C နေ (ဘ) ဦးကျော်လွှန် (မိ) ဒေါ်မီမီအေး တို့၏သားဖြစ်သူ မောင်ပိုင်ဖြိုးစံ၏ အမည်အား မောင်ဘုန်းမြတ်ပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဘုန်းမြတ်ပိုင်

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁)ရပ်ကွက်၊ ရောဝဏ်လမ်းမကြီး၊ ရောချမ်းသာကွန်ဒို၊ တိုက်အမှတ် (၁၄/အေ)၊ အထပ်မြင့် RC (၁၈)ထပ် (Lift ပါ) အဆောက်အဦ၏ အခန်းအမှတ်(၀၉-၃၂၂)၊ (အေ-၀၉၀၄)၊ (၉-လွှာ)၊ ဧရိယာ (၈၃၆) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ချမ်းသာရွှေမြေကုမ္ပဏီလီမိတက်၏ ကိုယ်စား မန်နေးဂျင်းဒါရိုက်တာ ဦးနေမျိုးနိုင် [၁၂/လမတ(နိုင်)၀၀၁၀၂၄] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်မြသီတာ [၁၂/သကတ(နိုင်)၁၇၄၂၅၉]၊ ဦးညာဏ်ဖြိုး [၁၂/ပဗတ(နိုင်) ၀၃၃၃၀၃] တို့က အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြသီတာ၊ ဦးညာဏ်ဖြိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝေဖြိုးအောင် (LL.B), WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)
Ph-09-421157856, 09-798458627
အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်းတောင်ရပ်ကွက်၊ ပြည်သူ့ကွက်သစ် (၂)လမ်း၊ အမှတ်(၅)၊ (၂) ခန်းတွဲ RC (၆)ထပ် အဆောက်အဦ၏ (ပဥ္စမထပ်)၊ (၆)လွှာ၊ တိုက်ကိုမျက်နှာမူလျှင် (လက်ဝဲဘက်အခန်း)၊ ဧရိယာ(၅၁၇)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးကျော်ဆန်းရွှေ[၁၂/စခန(နိုင်)၀၀၆၉၈၉]၊ ဦးစိုးမြင့်သိန်း [၁၂/စခန(နိုင်)၀၅၅၁၇၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်အေးအေးမြတ်[၁၂/စခန(နိုင်)၀၅၀၄၉၅]၊ ဒေါ်မေသဥ္စာခိုင်[၁၂/စခန(နိုင်)၀၆၉၇၃၇]၊ ဦးထူးအောင်လင်း[၁၂/ဆကခ(နိုင်)၀၁၈၉၈၅]တို့က အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးအေးမြတ်၊ ဒေါ်မေသဥ္စာခိုင်၊ ဦးထူးအောင်လင်းတို့၏
လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝေဖြိုးအောင် LL.B, WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)
Ph:-09-421157856, 09-798458627
အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈) ရပ်ကွက်၊ နဝရတ် (၁၀)လမ်း၊ အမှတ် (၄၁)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၅)ထပ်တိုက်၊ (၁၈ x ၅၂)ပေ အကျယ်အဝန်းရှိ တတိယထပ် (၄-လွှာ)၊ အခန်းအမှတ် (A-4)ဟု ခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်၍ အမွေဆိုင်၊ အပေါင်အနှံ၊ အရှုပ်အရှင်း ကင်းရှင်းပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းမိုးအေး [၁၂/သကတ(နိုင်)၀၈၇၆၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝေဖြိုးကျော်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၀၀၅) (၂၀-၁-၂၀၂၁)
အမှတ် (၁၀၈/၁၁၀)၊ (၃)လွှာ(ခေါင်းရင်း)၊ (၃၈)လမ်း(အောက်)၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၉၁၁၉၆၃၆၇

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇/၁၊ လူနေရပ်ကွက်အမှတ်-ရွှေပင်လုံအိမ်ရာ၊ မြေကွက်အမှတ်-၈၊ ဧရိယာ(၀.၀၈၁)ဧက၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်-၈၊ ငွေနှင်းဆီလမ်း၊ ရွှေပင်လုံအိမ်ရာ အပိုင်း(၁)၊ ၂၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင် ဒေါ်မြတ်မြတ်သူ [၁၂/မရက(နိုင်)၀၅၉၆၄၁] က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၂)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်

ကလောမြို့၊ အမှတ် ၄/၅၆ နေ ဒေါ်ခင်မြဦး [၁၃/ကလန(နိုင်)၀၀၄၂၄၈] သည် တူမအရင်းဖြစ်သူ ဒေါ်နန္ဒထွန်းဦး [၅/အတန(နိုင်)၀၀၀၁၅၃]အား အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ် စာချုပ်နံပါတ် ၄၃/၂၀၂၂ ဖြင့် တရားဝင် မွေးစားပြီးဖြစ်ပါသည်။

**ဒေါ်ခင်မြဦး [၁၃/ကလန(နိုင်)၀၀၄၂၄၈]**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆

| | | |
|---|---|---|
| ဦးလှသိန်း | နှင့် | ၁။ ဒေါ်ချိုချိုလွင် |
| | | ၂။ ဒေါ်ဇွန်ဟိုင်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၃)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် (၁၂၀၁)နေ (၂) တရားပြိုင် ဒေါ်ဇွန်ဟိုင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုက "အချင်းဖြစ်ပစ္စည်းသည် တရားလိုလတ်တလောလက်ရှိထားနေထိုင်ခွင့်ရှိကြောင်း မြွက်ဟကြော်ငြာပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၁)ရက် (၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုဆိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်နေမျိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သဃ်ၤန်းကျွန်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅

| | | |
|---|---|---|
| ဒေါ်မြတ်သီရိရွှေ | နှင့် | ဦးကောင်းမြတ်စံ |
| **(တရားလို)** | | **(တရားပြိုင်)** |

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွား၊ ကားကြီးကွင်း၊ တိုက်ခန်းအမှတ်(A-9)နေ တရားပြိုင် ဦးကောင်းမြတ်စံ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု"ကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၉)ရက် (၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ (၁၅)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေရီခိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**သဃ်ၤန်းကျွန်းမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

အ.ထ.က (၁) မင်္ဂလာတောင်ညွန့် Grade-8(A)တွင် ပညာသင်ယူနေသော မောင်ဇင်ကိုမြင့်၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၄-၆-၂၀၀၈ ဖြစ်ပါသည်။

## "ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း"

"ယာဉ်အမှတ် 6B-3933 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**"က-ည-န၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)"**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၁၀၁၇)၊ မြေဧရိယာ(၀.၁၄၆)ဧကရှိ ဗိုလ်မှူးချုပ်အောင်မျိုးထွန်း (ဘ) ဦးအောင်တင် [၁၂/စခန(နိုင်)၀၆၄၆၇၁] အမည်ပေါက် (ပါမစ်) မြေကွက်ကို ဒေါ်မီးငယ်(ခ)ချိန်ယန်ရွှေး (ဘ) ဦးဆွေးရှန်ကွမ်း [၁၃/လရန(နိုင်) ၁၇၉၃၀၅]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ် မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေဧရိယာ (၀.၂၂၉)ဧက၊ မြေကွက်အမှတ် (ဥ-၅၃၅၉)၊ ဒေါ်နန်းစမ်ခမ်း (ဘ) ဦးစိုင်းတစ်အောင်၊ အမည်ပေါက်၊ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးတင်မောင်[၉/ရမသ(နိုင်)၀၁၀၇၄၃] (ဘ) ဦးသာလှိုင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၀၆/၂၀၂၁ (၂၉-၁၂-၂၀၂၁) တင်ပြ၍ ဒေါ်စန္ဒာဝင်း [၉/ရမသ(နိုင်)၀၈၅၂၆၇] (ဘ) ဦးတင်မောင် အမည်ဖြင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## "အများသိစေရန် ကြေညာချက်"

